စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၆/၂၀၂၃

## ၂၀၂၃ ခုနှစ်၊ ဇွန်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေသော တောင်ပို့မှို
- ရန်ကုန်၌ ကွမ်းတစ်ပိဿာ ၂၅၀၀၀ ကျပ်ထိဈေးနှုန်းမြင့်တက်
- သကြားပေါက်ဈေးအရ ကြံတစ်တန်လျှင် ငွေကျပ် တစ်သိန်းအထက် ကြံစိုက်တောင်သူများရလို

### နိုင်ငံတကာဈေးကွက်

- အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံမှ မတ်ပဲတင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ
- ထိုင်းအစားအစာများအပေါ် သတ်မှတ်စံနှုန်းများ မြင့်တက်လာသဖြင့် ၁၀ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ရန် သတ်မှတ်ထား
- ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုရှိနိုင်သောကဏ္ဍ (၁၁) ရပ်ရှိကြောင်း EU မှ Advocacy Papers ထုတ်ပြန်ပေး
- အိန္ဒိယကုန်သည်များက စားသုံးသူများအား ပဲစင်းငုံအစား တခြားပဲအမျိုးအစားများအား ပြောင်းလဲစားသုံးစေလို
- အာဆီယံအနေဖြင့် အမေရိကန်ဒေါ်လာအပေါ် မှီခိုအားထားမှုကို လျှော့ချပြီး ဒေသတွင်း ငွေကြေးဖြင့် ကုန်သွယ်မှုကို တိုးမြှင့်ရန်ဆောင်ရွက်သွားမည်
- တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ပီလောပီနံကို အမေရိကန်ဒေါ်လာ သန်း (၄၀၀)ဖိုးခန့် ဝယ်ယူခဲ့
- ပထမ ၃ လပတ် လုပ်ငန်းဆောင်ရွက်မှုဆန်းစစ်ချက်ပြီးနောက် စင်ကာပူစီးပွားရေးလုပ်ငန်းများက စီးပွားရေး အခြေအနေအပေါ် အဆိုးမြင်မှုများ ပိုမိုများပြားလာခြင်း
- တရုတ်နိုင်ငံသည် တောင်အာဖရိကမှ ပြောင်းကို ပထမဆုံး ဝယ်ယူခဲ့ခြင်း
- တရုတ်နိုင်ငံတွင် ဒူးရင်းသီးရောင်းချရမှုအမြင့်ဆုံးရာသီ၌ အရည်အသွေးမြင့်ဒူးရင်းသီးဈေးနှုန်းများ တည်ငြိမ်လျက်ရှိနေ
- ဟောင်ကောင်အခြေစိုက် ကုမ္ပဏီ ၇၂ ရာခိုင်နှုန်းကျော် ပြည်ပဈေးကွက် ချဲ့ထွင်လို
- ဂျပန်နိုင်ငံ၏ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကဏ္ဍပြန်လည်ကောင်းမွန်လာသော်လည်းစိန်ခေါ်မှုများရှိနေဆဲဖြစ်
- ဖိလစ်ပိုင်တွင် အခွန်ပေးဆောင်မှုလွယ်ကူချောမွေ့စေရေးဥပဒေအား အတည်ပြုပေးရန် အထက်လွှတ်တော်အမတ်များပြောကြား
- စင်ကာပူနိုင်ငံ၂၀၂၇ ခုနှစ်တွင် ကော်ဖီရောင်းအား (၃ ဒသမ ၂) ရာခိုင်နှုန်း တိုးလာရန် မျှော်မှန်း
- ပေကျင်းမြို့တော်တွင်းရှိ စီးပွားရေးလုပ်ငန်းသစ်များသည် ရင်းနှီးမြှုပ်နှံမှု၊ တီထွင်ဆန်းသစ်မှု မူဝါဒဆိုင်ရာ အကျိုးကျေးဇူးများရရှိ
- ဘင်္ဂလားဒေ့ရှ်၏ ကြက်သွန်နီတင်သွင်းခွင့်နှင့် ကျဆင်းသွားသော ကြက်သွန်နီဈေး
- ဈေးကွက်ဝယ်လိုအားမြင့်တက်မှုကြောင့် ကြက်သွန်နီဈေးမြင့်တက်
- ပါကစ္စတန်နိုင်ငံ၊ ဆင်းပြည်နယ်မှ သရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ရေး
- ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုမူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က လေ့လာ ဆန်းစစ်လျက်ရှိခြင်း

### ပြည်တွင်းကုန်သွယ်မှုသတင်း

- သံနှင့်သံမဏိလုပ်ငန်းများ ဒေါ်လာအစား ယွမ်ငွေပြောင်းသုံးပါက လိုင်စင်ဦးစား

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail. com

ပေးချထားမည်
- သီလဝါအထူးစီးပွားရေးဇုန်အတွင်း နေရောင်ခြည်စွမ်းအင်ကိုအသုံးပြု၍ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးနိုင်ရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည် ဖော်လျက်ရှိ

**ပြည်ပကုန်သွယ်မှုသတင်း**

- ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည် မက်ထရစ်တန် ၁၀၀ ကျော် တင်ပို့ထား
- ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့ရန် မြန်မာနှင့် ရုရှားဆွေးနွေး
- ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် (၃) သိန်း (၆) သောင်းကျော် ထွက်ရှိခဲ့ပြီး တန်ချိန် (၂) သိန်းကျော်ပြည်ပတင်ပို့နိုင်ခဲ့

**အထူးဆောင်းပါး**

- တရုတ်-လာအို မီးရထားလမ်းကြောင့် ဒူးရင်းတစ်လုံးကို ယွမ် ၁၀၀ အောက်ဖြင့် ရရှိနိုင်

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

# ပြည်တွင်းဈေးကွက်

## ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေသော တောင်ပို့မှို

တောင်ပို့မှိုကို အချို့က ခြမှိုဟုလည်းခေါ်ကြသည်။ တောင်ပို့မှိုဟုဆိုသည့်အတိုင်း တောင်ပို့မှိုရှိရာမြေအောက် ခြကောင်ရှိသောနေရာတွင် နွေအကုန်မိုးဦးအစ မိုးတစ်ပြိုက် နှစ်ပြိုက်ရွာအပြီးတွင် ပေါက်ရောက်တတ်သည်။ တောင်ပို့မှိုသည် ဈေးကောင်းသော အစားအစာတစ်မျိုးဖြစ်ပါသည်။ တောင်ပို့မှိုကို သဘာဝအတိုင်း တူးယူ၍ရသလို သဘာဝနည်းဖြင့်လည်း စိုက်ပျိုး၍ရကြောင်း သိရှိရသည်။ စိုက်ပျိုးနည်းမှာ ပါဝင်ပစ္စည်း(၃)မျိုးသာရှိပြီး မိမိပတ်ဝန်းကျင်တွင် အလွယ်တကူ ရှာဖွေရသော ပစ္စည်းများဖြစ်သည်။ ခြတောင်ပို့အတွင်းပိုင်းမှ မြေသား (၂၀)ကျပ်သားခန့်၊ ထမင်းဖြူ (၆၅)ကျပ်သားနှင့် ရေ(၂) လီတာတို့ဖြစ်ပါသည်။ ပထမဦးစွာ တောင်ပို့မြေနှင့် ထမင်းဖြူကို ဇလုံတစ်ခုထဲတွင် သမအောင်မွှေပေးရမည်။ ထို့နောက် ရေကိုဖျန်းလိုက် မွှေလိုက်ဖြင့် ရေသန့်ဘူး(၂)ဘူး ကုန်သည်အထိမွှေပေးရပါမည်။ ထို့နောက် ဇလုံကိုနေရောင်ခြည် တိုက်ရိုက်မကျသော မပူလွန်း၊ မအေးလွန်းသောနေရာတွင် ရွှေ့ပြောင်းခြင်းမပြုဘဲ (၇)ရက်ခန့် ထားရပါမည်။ (၇) ရက်ကျော်သောအခါ ဇလုံ၏မျက်နှာပြင်ပေါ်တွင် အမြုပ်အဖတ်ဖြူဖြူမည်းမည်းလေးများ တက်လာသည်ကို တွေ့ရပါသည်။ ထိုအဖတ်များသည် မှိုဖေါက်ရန် မှိုမျိုးစေ့များဖြစ်ပါသည်။ ထိုမှိုမျိုးများကို ခပ်ယူ၍ အစိုဓာတ်ရှိသော မြေဆွေးပုံ၊ ကောက်ရိုးဆွေးပုံ၊ သစ်ပင်အောက်ရှိ မြေဆွေးပုံအပေါ် နံ့စပ်အောင်ချထားပေးရမည်။ မှိုမျိုးစေ့များ ချထားသော နေရာအား (၇)ရက်၊ (၈)ရက် တစ်ကြိမ် ရေစိုရုံသာ ဖျန်းပေးရုံဖြင့် မှိုဖူးလေးများ ထွက်လာမည်ဖြစ်သည်။ ယခုအချိန်ပေါ်ဦးပေါ်ဖျား တောင်ပို့မှိုများ ဈေးကွက်တွင် ရောင်းချနေပြီဖြစ်ပါသည်။ အဖူးများဖြစ်သောကြောင့် ပိုချို၊ ပိုနူ၍ စားလို့အလွန်ကောင်းသည်။ တောင်ပို့မှ (၅၀)ကျပ်သား လျှင် (၁၅၀၀၀)ကျပ်၊ တစ်ပိဿာလျှင် (၃)သောင်းကျပ်ဖြင့် ရောင်းချကြောင်း သိရပါသည်။ တောင်ပို့မှိုကို သဘာဝနည်းဖြင့် အလွယ်ကူဆုံးနှင့် ကုန်ကျစရိတ်နည်းနည်းဖြင့် မြေအများကြီးရှိဖို့မလိုဘဲ အိမ်တွင်းတိုက်ခန်း၊ ကွန်ဒိုနေသူများပါ ပန်းအိုးအတွင်း မြေဆွေးထည့်၍ စိုက်ပျိုးနိုင်သည်။

ထို့ကြောင့် တောင်ပို့မှိုသည် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သလို၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုး၍ မိသားစုဝင်ငွေရရှိအောင် စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်သဖြင့် စိုက်ပျိုးသင့်သော ဟင်းအမည်တစ်မျိုးဖြစ်ကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

DOCA(ပဲခူး)

Souce: [https://www.doca.gov.mm/my/node/10143](https://www.doca.gov.mm/my/node/10143)

## ရန်ကုန်၌ ကွမ်းတစ်ပိဿာ ၂၅၀၀၀ ကျပ်ထိဈေးနှုန်းမြင့်တက်

ရန်ကုန်ကွမ်းရွက်ဈေးကွက်၌ တစ်ပိဿာလျှင် ၂၅၀၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်လာကြောင်း သီရိမင်္ဂလာဈေးရှိ ကွမ်းရွက်ရောင်းဝယ်သူများထံမှ သိရသည်။ ပြီးခဲ့သည့်နှစ်တွင် ကွမ်းရွက်တစ်ပိဿာလျှင် ၆၀၀၀ ကျပ်မှ အများဆုံး ၈၀၀၀ ကျပ်သာ ပေါက်ဈေးရှိသော်လည်း ယခုနှစ်တွင် ကွမ်းရွက်တစ်ပိဿာလျှင် ၂၅၀၀၀ ကျပ်ထိ ပေါက်ဈေးရှိနေပြီး တစ်နှစ်အတွင်း ကွမ်းရွက်ဈေး သိသိသာသာ မြင့်တက်ခဲ့ခြင်းဖြစ်သည်ဟု သီရိမင်္ဂလာဈေးသစ်၌ ကွမ်းရွက်ရောင်းဝယ်ရေး လုပ်ကိုင်နေသူတစ်ဦးကပြောသည်။ “ဒီနှစ်က ရာသီဥတု တအားပူတာနဲ့ လေကြောင့် ကွမ်းခြံပျက်တာတွေလည်းဖြစ်တယ်။ လောလောဆယ်

ဒီအချိန်ဆိုရင် ဈေးကျနေပေမဲ့ အခုဈေးတက်နေတယ်။ တစ်ပိဿာ နှစ်သောင်းခွဲဆိုတာ တစ်ခါမှမဖြစ်ဘူးတဲ့ ဈေးဖြစ်နေတာပေါ့။ ဈေးမြင့်ပေမဲ့လည်း အရောင်းအဝယ်ကသွက်တယ်" ဟု ၎င်းက ပြောသည်။

ကွမ်းရွက်ဈေး မြင့်တက်ရခြင်းမှာ ယခုနှစ်တွင် ကွမ်းအထွက်နှုန်းနည်းပါးခြင်း၊ ရာသီဥတုကြောင့် ကွမ်းခြံများ ပျက်စီးခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ကွမ်းဈေးမြင့်တက်နေသော်လည်း အရောင်းအဝယ်သွက်နေကြောင်း ကွမ်းရောင်းဝယ်ရေးလုပ်ကိုင်နေသူများကဆိုသည်။ "အရင်က ဆစ်ဂနယ်နဲ့စားရင် တစ်ထောင်ဖိုးကို ၁၀ ယာ၊ ၁၂ ယာရတယ်။ အခုတစ်ထောင်ဖိုးကို ခြောက်ယာပဲရတော့တယ်။ ပိုစားရင်ပိုကုန်နေတာပေါ့"ဟု ကွမ်းယာစားသုံးသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့၌ မေလ ၂၄ ရက် အကောင်းဆုံးကွမ်း(ခေါင်ဈေး) များမှာ ပန်းတနော်ရှယ် တစ်ပိဿာ လျှင် ၂၅၀၀၀ ကျပ်၊ ပန်းတနော်အလတ်တစ်ပိဿာလျှင် ၁၄၀၀၀ ကျပ်နှင့် ၁၅၀၀၀ ကျပ်၊ ပန်းတနော်ပယ်ကြီး တစ်ပိဿာလျှင် ၁၁၀၀၀ ကျပ်နှင့် ၁၂၀၀၀ ကျပ် ပေါက်ဈေးရှိပြီး၊ ထိုင်ဝမ်ရှယ်တစ်ပိဿာလျှင် ၂၂၀၀၀ ကျပ်၊ ထိုင်ဝမ်အလတ် တစ်ပိဿာလျှင် ၁၁၀၀၀ ကျပ်၊ ထိုင်ဝမ်ပယ်ကြီး ၁၁၀၀၀ ကျပ်ပေါက်ဈေးရှိကြောင်း သီရိမင်္ဂလာဈေးသစ်မှသိရသည်။

ပန်းတနော်နှင့် ကျောင်းကုန်းတို့မှ တင်သွင်းသောကွမ်းရွက်များမှာ ရန်ကုန်မြို့သို့ အများဆုံးတင်ပို့နေရခြင်းဖြစ်ကြောင်း ကွမ်းရောင်းဝယ်ရေးလုပ်ကိုင်သူများထံမှသိရသည်။ Source: https://t.me/sdtimedaily

Source:https://myantrade.gov.mm/article/naypyitaw_26052023_148

## သကြားပေါက်ဈေးအရ ကြံတစ်တန်လျှင် ငွေကျပ် တစ်သိန်းအထက် ကြံစိုက်တောင်သူများရလို

၂၀၂၂-၂၀၂၃ ခုနှစ်ကြံရာသီတွင် သကြားပေါက်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဝန်းကျင်ပေါက်ဈေး ရောက်ရှိသည့်အတွက် ယင်းဈေးကွက်အပေါ်မူတည်၍ စက်ရုံများမှ ကြံတစ်တန်လျှင် ငွေကျပ် တစ်သိန်း အထက်ဈေးဖွင့် ဝယ်ယူသင့်ကြောင်း ကြံတောင်သူအချို့ကပြောသည်။ သကြားတစ်ပိဿာ ငွေကျပ် ၂၀၀၀ ဝန်းကျင်ပေါက်ဈေးတွင် ကြံတစ်တန်လျှင် ငွေကျပ် ၅၀၀၀၀ ဝန်းကျင် ဈေးဖွင့်ဝယ်ယူခဲ့ကြပြီးနောက် ၂၀၂၁-၂၀၂၂ တွင် သကြားဈေးမြင့်လာချိန် ကြံတစ်တန်လျှင် ငွေကျပ် ၉၀၀၀၀ နှင့်အထက်ဝယ်ယူခဲ့သည်ဟုဆိုသည်။

"စက်ရုံတွေက သကြားပေါက်ဈေးအပေါ်ကြည့်ပြီး ကြံဝယ်ဈေးသတ်မှတ်တယ်။ ခုလိုတစ်ပိဿာ ၃၀၀၀-ဝန်းကျင် ဈေးမှာ ကြံတစ်တန်ကို ငွေကျပ် ၉၀၀၀၀ လောက်ပေးတယ်။နယ်မြေအလိုက် တချို့က တစ်သိန်းလောက်ထိပေးတာလည်း ရှိပါတယ်။ ဒါပေမဲ့ လက်ရှိသကြားပေါက်ဈေးနဲ့ဆိုရင် ကြံတစ်တန်ကို တစ်သိန်းအထက်ပေး ဝယ်သင့်တယ်"ဟု ကသာခရိုင်၊ မောင်းကုန်းဒေသမှ ကြံတောင်သူ ဦးချိုတူးကပြောသည်။

သကြားစက်များသည် ယခုကြံရာသီတွင် စက်ရုံအရောက် ကြံတစ်တန်လျှင် ငွေကျပ် ၉၀၀၀၀- ၁၀၀၀၀၀ ဝန်းကျင်ဖြင့် ဈေးဖွင့်ဝယ်ယူခဲ့ရာ သကြားပေါက်ဈေးအရ စက်ရုံများတွက်ခြေကိုက်သော်လည်း ကြံဝယ်ယူသည့် နှုန်းထားမှာ အချိုးမမျှ နည်းပါးသဖြင့် လာမည့်ကြံရာသီတွင် ကြံတစ်တန်လျှင် ငွေကျပ် ၁၀၀၀၀၀ အထက်ဈေး ပေးဝယ်ယူ သင့်သည်ဟု ကြံတောင်သူများထံမှ သိရသည်။

ကြံတောင်သူတစ်ဦးကသုံးသပ်ပြောကြားရာ၌ "ပြင်ပသကြားဈေးပေါ်မူတည်ပြီး စက်ရုံက ကြံဝယ်ဈေးသတ်မှတ်တယ်။ သကြားဈေးကောင်းရင် တစ်တန်အပေါ်မှာ ဘယ်လောက်နှုန်း တိုးပေးမယ်ဆိုတာမျိုးရှိတယ်။ လက်ရှိ စက်ရုံတွေဝယ်ဈေးနဲ့ ဆိုရင် ကြံတောင်သူတွေအတွက် အဆင်ပြေပေမဲ့ သကြားပေါက်ဈေး အရဆိုရင် ကြံဝယ်ဈေးက အချိုးအားဖြင့် နည်းတယ်" ဟုဆိုသည်။ Source: မကွေးဂျာနယ်

Source: https://myantrade.gov.mm/article/naypyitaw_26052023_156

# နိုင်ငံတကာဈေးကွက်

## အိန္ဒိယနိုင်ငံသည် ဘရာဇီးနိုင်ငံမှ မတ်ပဲတင်သွင်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဈေးနှုန်းထိန်းသိမ်းနိုင်ရေးအတွက် အိန္ဒိယနိုင်ငံအနေဖြင့် ဘရာဇီးနိုင်ငံမှ မတ်ပဲတင်သွင်းနိုင်ရေးဆွေးနွေးလျက်ရှိရာ ပြီးစီးလုနီးပြီဖြစ်ကြောင်း စားသုံးသူရေးရာဌာန အတွင်းဝန်ဖြစ်သူ Rohit Kumar Singh က ပြောကြားခဲ့ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယနိုင်ငံသည် စားသုံးသူလိုအပ်ချက်နှင့် ထုတ်လုပ်နိုင်မှုကွာဟချက်အပေါ် မူတည်ပြီး နှစ်စဉ်မတ်ပဲတန်ချိန် ၇ သိန်းမှ ၇ သိန်းခွဲခန့်ကို ပြည်ပမှ တင်သွင်းလျက်ရှိပါကြောင်းနှင့် တင်သွင်းမှုအားလုံး၏ ၇၄ ရာခိုင်နှုန်းခန့်မှာ မြန်မာနိုင်ငံမှ တင်သွင်းခြင်းဖြစ်ကြောင်း၊ ရာသီဥတုအခြေအနေများအရ ဘရာဇီးနိုင်ငံသည် မတ်ပဲစိုက်ပျိုးထုတ်လုပ်ရန် သင့်လျော်မှုရှိသည့်

အတွက် ဘရာဇီးမှ မတ်ပဲတင်သွင်းရန် ဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိရာ ပြီးစီးလုနီးပြီဟု အတွင်းဝန်က သတင်းထောက်များကိုပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် မြန်မာနိုင်ငံမှ မတ်ပဲတန်ချိန် ၂ သိန်းခန့်ကို တင်သွင်းထားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံကိုမှီခိုနေရခြင်းမှ လျှော့ချနိုင်ရန်အတွက် အခြားမတ်ပဲထွက်ရှိသည့်နိုင်ငံများကို ရှာဖွေနေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံမှ ပဲကုန်သည်များသည် ပဲများကို ပုံမှန်တိုင်းရောင်းချခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ပြည်တွင်းဈေးကွက်ကို သက်ရောက်မှုရှိသဖြင့် စားသုံးသူရေးရာဌာနကလည်း ယင်းကုန်သည်များကို မကြာခင်က သတိပေးထားပြီးဖြစ်သည်ဟု အတွင်းဝန်က ပြောကြားခဲ့ကြောင်းလည်း ဖော်ပြထားပါသည်။

၂၀၂၂-၂၀၂၃ မတ်ပဲထွက်ရှိမည့်ရာသီဖြစ်သည့် ဇွန်၊ ဇူလိုင်လတို့တွင် အိန္ဒိယနိုင်ငံ၏ မတ်ပဲထွက်ရှိမှုမှာ တန်ချိန် ၂ ဒသမ ၆၈ သန်းခန့်ရှိမည်ဟု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားပြီး ပြီးခဲ့သည့်နှစ်က မတ်ပဲ ထွက်ရှိမှုတန်ချိန် ၂ ဒသမ ၇၇ သန်းထက် လျော့နည်းသွားမည်ဖြစ်ကြောင်းလည်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

Source : India exploring importing urad from Brazil, The Economic Times, May 23, 2013

Source: စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Source: https://myantrade.gov.mm/article/STP(Yangon)%2024052023%2020:%2015

## ထိုင်းအစားအစာများအပေါ် သတ်မှတ်စံနှုန်းများ မြင့်တက်လာသဖြင့် ၁၀ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ရန် သတ်မှတ်ထား

ထိုင်းအစားအစာများကို ဝယ်လိုအားမြင့်တက်လာမှု၊ အစားအစာများ၏ အရည်အသွေး၊ လုံခြုံစိတ်ချရမှုနှင့် အဆက်မပြတ်ထုတ်လုပ်နိုင်မှုများအပေါ် ထိုင်း၏စံနှုန်း မြင့်မားလာခြင်းတို့ကြောင့် အစားအစာပို့ကုန် တင်ပို့နိုင်မှုကို ၁၀ ရာခိုင်နှုန်းထိ ရောက်ရှိရန် မျှော်မှန်းထားကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် မေလ ၂၃ ရက်နေ့မှ စတင်၍ ၅ ရက်ကြာ ကျင်းပသွားသည့် THAIFEX-ANUGA ASIA 2023 ၏ ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီး Mr. Jurin Laksanawisit က ယခုနှစ်အတွင်း အစားအစာ တင်ပို့နိုင်မှု ထိုင်းဘတ် ၁ ဒသမ ၅၅ ထရီလီယံ ရရှိရန်မျှော်လင့်ထားကြောင်း၊ ပြပွဲတွင် နိုင်ငံ ၁၄၀ နိုင်ငံမှကုမ္ပဏီ ၃၀၀၀ ကျော်က ပြခန်း ၆၀၀၀ ခန့် လာရောက်ပြသကြပါကြောင်း၊ ထိုင်းနိုင်ငံ၏ လယ်ယာထွက်ကုန်နှင့် သီးနှံများ၏ တင်ပို့နိုင်မှုသည် သင့်တင့်သောဈေးနှုန်းများရရှိပြီး ကောင်းမွန်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းပြင် ယခုနှစ်အတွင်း ထိုင်းဆန်တင်ပို့မှုကို တန်ချိန် ၈ သန်းထိရောက်ရှိရန် ခန့်မှန်းထားပြီး ပီလောပီနံနှင့် အခြားသော လတ်ဆတ်သီးနှံများလည်းအပါအဝင်ဖြစ်ကြောင်း၊ ပထမ ၃ လပတ်အတွင်း တင်ပို့နိုင်ခဲ့သည့် ကုန်စည်များမှာ သကြား၊ ဆန်၊ ကြက်သားနှင့် လတ်ဆတ်အသီးအနှံများဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းအစားအစာထုတ်လုပ်သည့်အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဖြစ်သူ Mr. Visit Limlurcha က အစားအစာတင်ပို့မှုကို ၃-၅ ရာခိုင်နှုန်းတိုးတက်ရန် ပုဂ္ဂလိကကဏ္ဍမှလည်း ခန့်မှန်းထားကြောင်း၊ ယင်းခန့်မှန်းမှုများသည် ကုန်ကြမ်း ရရှိမှုပေါ်တွင်မူတည်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် မိုးခေါင်ခြင်းနှင့် ပူပြင်းလာသောရာသီဥတုအပေါ် စိတ်ပူပန်မိကြောင်းနှင့် ရေစီမံခန့်ခွဲမှုကို ကောင်းစွာဆောင်ရွက်နိုင်မည်ဆိုပါက ခန့်မှန်းထားသည့်အတိုင်း ၁၀ ရာခိုင်နှုန်း တိုးတက်မှုရရှိနိုင်မည်ဖြစ်ကြောင်း ၎င်း၏အမြင်ကို မျှဝေခဲ့သည်။ Source: စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့

Source: https://myantrade.gov.mm/article/Naypyitawstp_290520230935

## ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုရှိနိုင်သောကဏ္ဍ (၁၁) ရပ်ရှိကြောင်း EU မှ Advocacy Papers ထုတ်ပြန်ပေး

ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ဆွဲဆောင်မှုရှိနိုင်သော ကဏ္ဍ (၁၁) ရပ်ရှိကြောင်း ရေးသားထုတ်ပြန်ထားသည့် Advocacy Paper အား The European Chamber of Commerce of the Phillippines (ECCP) နှင့် EU-ASEAN Business Council (EU-ABC) တို့မှ ဖိလစ်ပိုင်အစိုးရထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ဖိလစ်ပိုင်နိုင်ငံ၊ Metro Manila, Makati City တွင် ၂၅-၅-၂၀၂၃ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် 10th European-Philippines Business Dialogue တွင် EU Business Groups မှ အဆိုပါ စာတမ်းတွင် ဖော်ပြထားသည့် FDI အတွက် ဆွဲဆောင်မှုရှိနေသော ကဏ္ဍ (၁၁) ခုမှာ စိုက်ပျိုးရေး ကဏ္ဍ၊ မော်တော်ယာဉ်ကဏ္ဍ၊ အကောက်ခွန်နှင့်သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ကဏ္ဍ၊ အစားအသောက်နှင့်အဖျော်ယမကာကဏ္ဍ၊ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ပညာရေးကဏ္ဍ၊ အခြေခံအဆောက်အအုံနှင့်လေကြောင်းကဏ္ဍ၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်လုံလောက်မှုဆိုင်ရာကဏ္ဍနှင့် ခရီးသွားလုပ်ငန်း

ကဏ္ဍတို့ဖြစ်သည်။ ယခုစာတမ်းသည် ကဏ္ဍအသီးသီးမှ ပါဝင်ပတ်သက်သူ များအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သော ကဏ္ဍများအနေဖြင့် ကူညီထောက်ပံ့ပေးနိုင်သည့်အချက်အလက်များ ပါဝင်ကြောင်း ECCP မှ Executive Director ဖြစ်သူ Florian Gottein မှ ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် စက်မှုကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့နေရသည့်ကြားမှ ရင်းနှီးမြှုပ်နှံမှုတိုးမြင့်စေရန် နှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ရပါကြောင်း၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အဆင့်မြှင့်တင်ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုအနေဖြင့် ယခုကဲ့သို့သော ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ခြင်းက နိုင်ငံ၏ ကုန်သွယ်မှုနှင့်ပမာဏကြီးမားသောရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာနိုင်ကြောင်းလည်း ECCP ၏ ဥက္ကဋ္ဌဖြစ်သူ Lars Wittig မှ ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍရှိ ဆန်နှင့်ပြောင်းလုပ်ငန်းကဏ္ဍအပေါ် ဖြေလျှော့မှုများဆောင်ရွက်ပေးနိုင်ပါက စားနပ်ရိက္ခာဖူလုံရေးနှင့်လတ်တလောဖြစ်ပေါ်နေသော အခြေခံစားသောက်ကုန်ဈေးနှုန်း မြင့်တက်နေခြင်းအား လျှော့ချပေးနိုင်မည်ဖြစ်သည့်အတွက် အဆိုပါကဏ္ဍများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပါဝင်နိုင်ရေး လိုအပ်သည့်ဥပဒေများအား ပြန်လည်သုံးသပ်ပြီး ပြင်ဆင်စေလိုကြောင်း အကြံပြုတင်ပြခဲ့ပါသည်။ ၁၉၆၀ ခုနှစ် ဥပဒေအရ ပြောင်းလုပ်ငန်းကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါဝင်ခြင်းအား တင်းကြပ်စွာကန့်သတ်ထားပါကြောင်းနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပါသီးနှံများ ကုန်သွယ်မှုအနေဖြင့် လိုအပ်သော သယ်ယူပို့ဆောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တင်ပို့ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိခြင်းစသည်တို့ကို လုပ်ကိုင်ခွင့်တားမြစ်ထားကြောင်း ၂၀၂၃ ခုနှစ် Advocacy Paper ၏ စိုက်ပျိုးရေးကဏ္ဍတွင် အကြံပြုရေးသားဖော်ပြ ထားပါသည်။

ထို့ပြင် ရေအရင်းအမြစ်ကဏ္ဍတွင်လည်း သောက်သုံးရေသန့်စင်ခြင်းနှင့် ဆက်စပ်သည့်လုပ်ငန်း စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာစေရေး ရေအရင်းအမြစ်စီမံခန့်ခွဲမှုဌာန Water Resources Department အား ဖွဲ့စည်းတည်ထောင်ရန် နိုင်ငံတော်သမ္မတရုံးအဖွဲ့ထံသို့ အကြံပြုတင်ပြလိုပါကြောင်း၊ ၂၀၂၂ ခုနှစ်က ထုတ်ပြန်ခဲ့သည့် Advocacy Paper တွင် Foreign Investment Act, Public Service Act, Retail Trade Liberalization Act တို့အား ပြင်ဆင်ရေးဆွဲသင့်ကြောင်း အကြံပြုခဲ့ပြီးနောက် ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများတွင် ၁၀၀ ရာခိုင်နှုန်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ခွင့်ပြုခဲ့သည်ကို တွေ့ရှိရသည်။

ထိုသို့ပြင်ဆင်ရေးဆွဲခဲ့ခြင်းက ဖိလစ်ပိုင်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDIs ကဏ္ဍတွင် EU သာမက အခြားနိုင်ငံများမှလည်း ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာနိုင်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ယခုအချိန်ထက် ပိုမိုကောင်းမွန်သောအချိန်မရှိနိုင်ကြောင်း၊ ထို့ပြင် ယခု Advocacy Paper သည် EU မှ ဖိလစ်ပိုင်နိုင်ငံသို့ တစ်ဖက်သတ်ပေးထားသည့် အခွင့်အရေး EU Generalized Scheme Preferences Plus (GSP+) နှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် EU–PH Free Trade Agreement (FTA) အား ပိုမိုအဆင့်မြှင့် ဆောင်ရွက်နိုင်ရေး ကူညီထောက်ပံ့ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် EU နှင့် ကုန်သွယ်မှုမှ EU GSP+ အခွင့်အရေးအား ၇၆ ရာခိုင်နှုန်း ရရှိခဲ့ပြီး EU GSP+ ရရှိသောနိုင်ငံများထဲတွင် အမြင့်ဆုံးရရှိသောနိုင်ငံတစ်ခုဖြစ်လာပါကြောင်း၊ ဖိလစ်ပိုင်နိုင်ငံအတွက် EU GSP+ မှာ ၂၀၂၃ ခုနှစ်ထဲတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။ Source: စီးပွားရေးသံမှူး၊ ဖိလစ်ပိုင်

Source: https://myantrade.gov.mm/article/Naypyitawstp_260520230228

## အိန္ဒိယကုန်သည်များက စားသုံးသူများအား ပဲစင်းငုံအစား တခြားပဲအမျိုးအစားများအား ပြောင်းလဲစားသုံးစေလို

အိန္ဒိယကုန်သည်များက စားသုံးသူများအား ပဲစင်းငုံ၏ ဈေးနှုန်းကြီးမြင့်မှုကြောင့် အခြားသော ပဲအမျိုးအစားများဖြစ်သည့် ပဲနီလေး၊ ပဲတီစိမ်း၊ ကုလားပဲနှင့် စားတော်ပဲတို့ကို အစားထိုးစားသုံးစေလိုကြောင်း၊ စားသုံးသူရေးရာဝန်ကြီးဌာန၏အချက်အလက်များအရ ဒေလီမြို့တွင် ပဲစင်းငုံခွဲခြမ်း၏ လက်လီဈေးနှုန်းမှာ ယခင် နှစ်ထက် ၂၇ ရာခိုင်နှုန်း မြင့်တက်လာပြီး ပြီးခဲ့သည့် ၆ လအတွင်း ၁၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက် လာကြောင်း၊ ဒေလီမြို့ရှိ လတ်တလောဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၁၃၂ ရူပီးအထိရှိပြီး ပျမ်းမျှဈေးနှုန်းမှာ ၁ ကီလိုလျှင် ၁၁၉ ရူပီးဖြစ်ပါကြောင်း၊ ဒေလီမြို့တွင် ပဲစင်းငုံ လက်လီဈေးနှုန်း မြင့်တက်လာမှုမှာ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း ၆၀ ရာခိုင်နှုန်းနီးပါးရှိလာကြောင်း၊ ဝယ်လိုအားရှိသလောက် ထုတ်လုပ်နိုင်ခြင်းမရှိသောကြောင့် ပဲခွဲခြမ်းလက်ကားရောင်းချမှုမှာလည်း ၆၀ ရာခိုင်နှုန်းနီးပါးအထိ မြင့်တက်လျက်ရှိကြောင်း Economic Times သတင်းစာက ဖော်ပြထားသည်။

၂၀၂၂ -၂၀၂၃ ခုနှစ် ရာသီချိန်အတွင်း အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံထုတ်လုပ်မှုမှာ ပြီးခဲ့သည့်နှစ်ထက် ၁၄ ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း အိန္ဒိယအစိုးရက ခန့်မှန်းထားပြီး၊ စိုက်ပျိုးရေးကျွမ်းကျင်သူများကမူ ၂၀ ရာခိုင်နှုန်းအထက် ကျဆင်းနိုင်

သည်ဟု ခန့်မှန်းထားပါကြောင်း၊ ဝယ်လိုအားကို ထုတ်လုပ်မှုက မမီနိုင်သည့်အတွက် စားသုံးသူများ၏နှစ်သက်မှုကို ပြောင်းလဲခြင်းအားဖြင့် ပဲစင်းငုံဝယ်လိုအားကို လျှော့ချနိုင်မည်ဟု ပဲစင်းငုံကုန်သည်များက ယူဆလျက်ရှိပါကြောင်း၊ အိန္ဒိယပဲမျိုးစုံနှင့် နှံစားသီးနှံအသင်း(The Indian Pulses and Grains Association – IPGA) က အစားအစာနှင့်ပြည်သူ့ဖြန့်ဖြူးရောင်းချရေးဌာနနှင့်ပူးပေါင်း၍ ပဲစင်းငုံအစား ပဲနီလေး၊ ပဲတီစိမ်း၊ ကုလားပဲနှင့် စားတော်ပဲစသည့်ပဲများကို စားသုံးမှုမြှင့်တင်ရန် စည်းရုံးလှုံ့ဆော်လျက်ရှိကြောင်းလည်း ဖော်ပြထားသည်။

Agmarknet တွင်ဖော်ပြထားသည့်အချက်အလက်များအရ Maharashtra ပြည်နယ်၊ Latur လက်ကားဈေးတွင် ပြုပြင်ထားခြင်းမရှိသည့် ပဲစင်းငုံ၏ ပျမ်းမျှဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ် ယခုအချိန်တွင် ၁ ကီလိုဂရမ်လျှင် ၆၀ ရူပီးသာရှိခဲ့ရာမှ ယခုအခါ ၁ ကီလိုဂရမ်လျှင် ၉၀ ရူပီးအထိ ဈေးနှုန်းမြင့်တက်လာပါကြောင်းနှင့် သီးနှံအသစ်များရိတ်သိမ်းသည့် ပြီးခဲ့သော ဇန်နဝါရီလမှစတင်၍ ၄ လအတွင်း ဈေးနှုန်းမှာ ၂၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

ပဲစင်းငုံဝယ်လိုအားက ပုံမှန်အတိုင်းရှိနေသော်လည်း ပဲစင်းငုံထုတ်လုပ်မှုက သိသိသာသာကျဆင်းခဲ့ပါကြောင်း၊ ဗဟိုအစိုးရနှင့်တွေ့ဆုံသည့်အချိန်၌ ပဲစင်းငုံကဲ့သို့ အခြားသော ပဲအမျိုးအစားများသည်လည်း ပရိုတင်းတူညီစွာပါဝင်မှုရှိကြောင်း ပြည်သူများအားလှုံ့ဆော်စည်းရုံးရန်အသင့် ရှိသည်ဟုတင်ပြထားခဲ့ကြောင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအားအကြား ကွာဟချက်ကို ပြည်ပမှတင်သွင်းခြင်းနည်းလမ်းတစ်ခုတည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ရန်မဖြစ်နိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံအပြင် ပဲစင်းငုံရရှိနိုင်သည့်နိုင်ငံမှာ မြန်မာနိုင်ငံနှင့် အာဖရိကအရှေ့ပိုင်းနိုင်ငံတချို့သာရှိပါကြောင်းနှင့် စားသုံးသူများအနေဖြင့် ဈေးနှုန်းသက်သာသည့် ပဲနီလေး၊ ပဲတီစိမ်း၊ ကုလားပဲနှင့် စားတော်ပဲတို့ကိုလည်း ရွေးချယ်စားသုံးနိုင်သည်ဟု IPGA ဥက္ကဋ္ဌ ဖြစ်သူ Bimal Kothari က ပြောကြားထားကြောင်း India Times သတင်းစာက ဖော်ပြထားသည်။

၂၀၁၀ ပြည့်နှစ်တွင် အမျိုးသားစိုက်ပျိုးရေးဈေးကွက်ရှာဖွေမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (National Agricultural Cooperative Marketing Federation of India–Nafed)ကလည်း ပြည်တွင်းထုတ်လုပ်သည့် ပဲမျိုးစုံ၏ဈေးနှုန်းများ ကြီးမြင့်မှုကြောင့် ပြည်ပမှတင်သွင်းသည့် ပဲနီလေးကို အဓိကအစားအစာအဖြစ် မြှင့်တင်စည်းရုံးလှုံ့ဆော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုအချိန်မှစ၍ ကုလားပဲနှင့်ရော၍ ပဲမှုန့်ပြုလုပ်ရန် ပဲနီလေးကို တင်သွင်းခဲ့ပါကြောင်း၊ ဗဟိုအစိုးရနှင့်ပြည်နယ်အစိုးရအနေဖြင့် လူမှုဘဝဖူလုံရေးအစီအစဉ်အတွက် ပဲစင်းငုံကို ပြည်ပမှတင်သွင်းနေခြင်းကို ရပ်ဆိုင်းသင့်ပါကြောင်းနှင့် ယင်းအစား ဈေးနှုန်းသက်သာပြီး ပေါများစွာရရှိနိုင်သည့် ပဲအမျိုးအစားများကို လူမှုဘဝဖူလုံရေးအစီအစဉ်အနေဖြင့် အသုံးပြုသင့်သည်ဟု IPGA ဥက္ကဋ္ဌက အကြံပြုထားကြောင်းလည်း သိရှိရသည်။

အိန္ဒိယသို့ ပဲစင်းငုံအဓိကရောင်းချသည့် အာဖရိကနိုင်ငံများတွင်လည်း ဈေးနှုန်းများမှာ ယခင်နှစ်ကထက် ၂၅ ရာခိုင်နှုန်း မြင့်တက်လျက်ရှိသည်ဟု Mayur Global Corporation ၏ဒုတိယဥက္ကဋ္ဌဖြစ်သူ Harsha Rai ကပြောကြားထားပါကြောင်း၊ အိန္ဒိယသို့တင်ပို့ရန်စိုက်ပျိုးသည့် အာဖရိကပဲစင်းငုံများမှာ ဇူလိုင်လနှင့် ဩဂုတ်လတွင် သီးနှံရိတ်သိမ်းမည်ဖြစ်သဖြင့် ဩဂုတ်လမှ နိုဝင်ဘာလပွဲတော်ရာသီချိန်အတွင်း ပဲစင်းငုံရှားပါးမှုနှင့်ကြုံတွေ့နိုင်သည့်အချိန်တွင် ပဲစင်းငုံဈေးကို ထိန်းချုပ်နိုင်ရန် အရေးကြီးပါကြောင်း၊ သို့ရာတွင် ပြီးခဲ့သည့်အပတ်က အိန္ဒိယနိုင်ငံ၏ ဈေးကွက်အတွင်း ပဲစင်းငုံဈေးနှုန်းများမြင့်တက်ခဲ့သည့်အတွက် အာဖရိကနိုင်ငံများမှ ပဲစင်းငုံ အရောင်းအဝယ်စာချုပ်များကို ရပ်နားထားပါကြောင်း၊ တင်သွင်းသူများအနေဖြင့် ပဲစင်းငုံရိတ်သိမ်းချိန်အထိ စောင့်ရန်ဆန္ဒရှိပါကြောင်းနှင့် ပဲစင်းငုံအသစ်များဝင်ရောက်လာပါက ဈေးနှုန်းအနည်းငယ် ကျဆင်းသွားနိုင်သည် ဟု Harsha Rai ကပြောကြားထားကြောင်းလည်း ဖော်ပြထားသည်။

အိန္ဒိယအစိုးရက မြန်မာနိုင်ငံရှိကုန်သည်များကို ပဲစင်းငုံနှင့်မတ်ပဲများ သိုလှောင်သိမ်းဆည်းထားခြင်းမပြုရန် သတိပေးထားပြီးဖြစ်ပါကြောင်း၊ မြန်မာကုန်သည်များအနေဖြင့် ပဲများကိုရောင်းချခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားပါက အစိုးရအချင်းချင်း ဝယ်ယူမှုအစီအစဉ်များဆောင်ရွက် သွားမည်ဟု ပြောကြားထားကြောင်းလည်း India Times သတင်းစာက ဖော်ပြထားသည်။ Source : Why Traders want you to shun Tur dal and eat other pulses, The Economic Times, 21 May 2023,    Source: စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

Source: https://myantrade.gov.mm/article/STP(Yangon)%2023052023%2012:%2027

## အာဆီယံအနေဖြင့် အမေရိကန်ဒေါ်လာအပေါ် မှီခိုအားထားမှုကို လျှော့ချပြီး ဒေသတွင်း ငွေကြေးဖြင့် ကုန်သွယ်မှုကို တိုးမြှင့်ရန်ဆောင်ရွက်သွားမည်

အင်ဒိုနီးရှားနိုင်ငံ၊ Labuan Bajo တွင်ကျင်းပသည့် ၄၂ ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်များသည် ဒေသတွင်းငွေပေးချေမှုချိတ်ဆက်ခြင်းနှင့် ဒေသတွင်းငွေကြေးလွှဲပြောင်းမှု (Local Currency Transactions – LCT) ပိုမိုကောင်းမွန်လာစေရေး တွန်းအားပေးဆောင်ရွက်ရန် သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်ချက်သည် အမေရိကန်ဒေါ်လာကဲ့သို့ ကုန်သွယ်မှုအတွက် အသုံးပြုထားသည့် သတ်မှတ်ထားသော ငွေကြေးများ အသုံးပြုမှုကို ပြောင်းလဲဆောင်ရွက်ရန်အတွက် အာဆီယံ၏ မဟာဗျူဟာအဖြစ် ဆောင်ရွက်ချက်ဖြစ်သည်။

အမေရိကန်ဒေါ်လာသည် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုအတွက် ဆယ်စုနှစ်များစွာ ဘုရင်ဖြစ်ခဲ့သည်။ ဤသည်မှာ အမေရိကန်သည် ကမ္ဘာ့အကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သောကြောင့်သာမက ရေနံနှင့်ကုန်ပစ္စည်းအများစုကို အမေရိကန်ဒေါ်လာဖြင့်ဈေးဖွင့်သောကြောင့်ဖြစ်သည်။ သို့သော်လည်း အမေရိကန်ဗဟိုဘဏ်သည် ၎င်း၏ပြင်းထန်သောအတိုးနှုန်းမြှင့်တင်မှုမဟာဗျူဟာကို စတင်လိုက်ကတည်းက ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဗဟိုဘဏ်များသည် ၎င်းတို့၏ ငွေကြေးများ သိသိ သာသာ တန်ဖိုးကျဆင်းလာသည့်အတွက် ယင်းကို တားဆီးရန် ၎င်းတို့၏ အတိုးနှုန်းကိုမြှင့်တင်ရန် တိုက်တွန်းခဲ့ကြသည်။

ရှင်းရှင်းလင်းလင်းပြောရမည်ဆိုပါက အမေရိကန်ဒေါ်လာသည် ၂၀၂၂ ခုနှစ် စတုတ္ထသုံးလပတ်တွင် အရန်ငွေ၏ ၅၈ ရာခိုင်နှုန်းခန့်ရှိသော ကမ္ဘာလုံးဆိုင်ရာ Forex အရန်ငွေများကြားတွင် အဓိကငွေကြေးအဖြစ် ရပ်တည်လျက်ရှိနေသေးသည်။ ယူရိုသည် ဒုတိယဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ Forex အရန်ငွေ၏ ၂၀ ရာခိုင်နှုန်း ဖြစ်သည်။

ဒေသတွင်းငွေကြေးလွှဲပြောင်းမှုပဏာမခြေလှမ်းအဖြစ် ဆောင်ရွက်မှုမှတစ်ဆင့် အာဆီယံအသိုက်အဝန်းအတွင်း ကုန်သွယ်မှုကိုတိုးမြှင့်ရန်၊ ဒေသတွင်းဘဏ္ဍာရေးပေါင်းစည်းမှုကို နက်ရှိုင်းစေရန်၊ ဘဏ္ဍာရေး ခံနိုင်ရည်အား အားကောင်းလာစေရန်နှင့် ဒေသတွင်းတန်ဖိုးကွင်းဆက်များကို အားကောင်းလာစေရန် မျှော်လင့်ပါသည်။ ဘဏ္ဍာရေးဝန်ကြီးများသည် ၎င်း၏ ဒေသတွင်းငွေကြေးလွှဲပြောင်းမှု Local Currency Transaction (LCT) အစီအမံများကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံဒေသတွင်း ငွေကြေးလွှဲပြောင်းမှု မူဘောင်တစ်ရပ်ကိုလည်း နောင်တွင်ရေးဆွဲသွားမည်ဖြစ်သည်။ အာဆီယံသည် ကမ္ဘာ့ GDP ၏ ၇ ရာခိုင်နှုန်းခန့်ကို ဖော်ဆောင်လျက်ရှိသည်။

အာဆီယံအနေဖြင့် ဒေသတွင်းငွေပေးချေမှု အခင်းအကျင်းကို မြှင့်တင်ရန် universal quick response (QR) ကုဒ်ကို ကနဦးအစပျိုးခဲ့သည်။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ဗဟိုဘဏ်များသည် နိုင်ငံများကြားတွင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် QR ကုဒ်ငွေပေးချေမှုစနစ်များကို အသုံးပြုထားပြီး ဒေသတွင်းရှိ စားသုံးသူများနှင့် MSME လုပ်ငန်းများအတွက် ငွေကြေးပိုမိုပါဝင်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်မှုသည် အင်ဒိုနီးရှားအက်ပလီကေးရှင်းတစ်ခုကို အသုံးပြုခြင်းအားဖြင့် ထိုင်းနိုင်ငံတွင် ငွေပေးချေမှုကို ရူပီယာနှင့် ဘတ်ငွေကြေးအကြား တိုက်ရိုက်လဲလှယ်မှုမှတစ်ဆင့် ပေးချေနိုင်ရန်အတွက် ဆောင်ရွက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ချိတ်ဆက်မှုများ ပြီးသွားသည်နှင့် ဗဟိုဘဏ်များသည် ကမ္ဘာတစ်ဝှမ်းရှိ အခြားသောအဖွဲ့အစည်းများနှင့် ချိတ်ဆက်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ QR ဒစ်ဂျစ်တယ် ငွေပေးချေမှုစနစ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် အကောင်အထည်ဖော်နိုင်မည်ဟု မျှော်မှန်းထားသည်။

အဆိုပါ ပဏာမခြေလှမ်းအဖြစ်ဆောင်ရွက်ချက်သည် ဒေသတွင်းရှိ ဘဏ်စနစ်အသုံးပြုသူများနှင့် ဘဏ်စနစ်အသုံးမပြုသူများအားလုံးအတွက် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍတွင် ပိုမိုပါဝင်လာစေရန် တွန်းအားတစ်ရပ် ဖြစ်စေမည်ဖြစ်သည်။ အရှေ့တောင်အာရှလူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် ဘဏ်စနစ် အသုံးမပြုသေးကြောင်း ခန့်မှန်းချက်ထားကြပြီး အဆိုပါလူဦးရေသည် အခြေခံအကျဆုံး ဘဏ်ဝန်ဆောင်မှုများကိုပင် အသုံးမပြုနိုင်သေးကြောင်းတွေ့ရှိရပါသည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်းတွင်ပါဝင်သည့် ဒေသတွင်း MSMEs များ အတွက် QR ငွေပေးချေမှုစနစ်များကို အသုံးပြုခြင်းသည် ၎င်းတို့အား တန်ဖိုးကွင်းဆက်သို့ တက်လှမ်းရန် အကူအညီပေးမည့် ရင်းနှီးမြှုပ်နှံမှုများအပြင် ဈေးကွက် အခွင့်အလမ်းများကိုပါ ပိုမိုဆုပ်ကိုင်နိုင်စေမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ အမေရိကန်ဒေါ်လာ၏ လွှမ်းမိုးမှုသည် တဖြည်းဖြည်းလျော့ကျနေသော်လည်း၊ အဓိကအားဖြင့် အခြားရွေးချယ်စရာများ အမှန်တကယ်မရှိသောကြောင့် ဒေါ်လာအသုံးပြုမှုကို ရေတိုအတွင်းဖြုတ်ချနိုင်လိမ့်မည် မဟုတ်ကြောင်း လေ့လာသူများက ဆိုပါသည်။ Source: https://www.google.com , Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_26052023_101

## တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ပီလောပီနံကို အမေရိကန်ဒေါ်လာ သန်း (၄၀၀)ဖိုးခန့် ဝယ်ယူခဲ့

ယခုနှစ်ပထမလေးလအတွင်း တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ ပီလောပီနံတန်ချိန် (၁)သန်းကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ(၃၉၇)သန်းကျော်ကို ဝယ်ယူခဲ့ပြီး ဗီယက်နမ်နိုင်ငံမှ ပီလောပီနံကို တင်သွင်းမှု အများဆုံးနိုင်ငံဖြစ်လာခဲ့ကြောင်း ဗီယက်နမ်အထွေထွေအကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်သောစာရင်းများအရ သိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ဧပြီလတစ်လတည်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပီလောပီနံနှင့် ပီလောပီနံ အခြေခံ ထွက်ကုန် (၁၈၉,၈၂၀)တန်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၇၆ ဒသမ ၀၃)သန်းကို တင်ပို့ခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဧပြီလနှင့်

နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် (၁၉ ဒသမ ၅)ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် (၂၇ ဒသမ ၄) ရာခိုင်နှုန်း အသီးသီးကျဆင်းခဲ့ကြောင်းသိရှိရပါသည်။ ပီလောပီနံနှင့် ပီလောပီနံ အခြေခံထွက်ကုန်များ၏ ပျမ်းမျှဈေးသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ(၄၀၀ ဒသမ ၆)ရှိပြီး မတ်လနှင့်နှိုင်းယှဉ်ပါက (၄ ဒသမ ၆) ရာခိုင်နှုန်းတိုးလာသော်လည်း ယခင်နှစ်ကာလတူထက် (၉ ဒသမ ၉)ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းသိရှိရသည်။

ယခုနှစ်ပထမလေးလတွင် ဂျပန်နိုင်ငံသို့ ပီလောပီနံ တန်ချိန်(၂၂၈၀)၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၁ ဒသမ ၁၆)သန်းကို တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် တန်ချိန်အားဖြင့် (၃၃၅၇)၊ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် (၁၇၄၂) ရာခိုင်နှုန်း ရုတ်ချည်းမြင့်တက်လာကြောင်း သိရှိရသည်။

ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ပို့ကုန်သွင်းကုန်ဌာနမှ အသေးစိတ်ဖော်ပြချက်အရ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ပြောင်းနှင့် ဂျုံ၏ ရောင်းလိုအားနှင့်ဈေးနှုန်းကို ကြီးမားစွာသက်ရောက်မှု ရှိကြောင်းသိရှိရပါသည်။

အသိသာဆုံးမှာ ဖွံ့ဖြိုးပြီးနိုင်ငံများသည် အီသနော မှ သန့်ရှင်းသောစွမ်းအင်ကို ပြောင်းလဲအသုံးပြုလာကြပြီး ယင်းတို့အနက် ပီလောပီနံသည် ဓာတ်ဖန်တီးရာတွင်အသုံးပြုသည့် အရေးကြီးကုန်ကြမ်းများထဲမှတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင်ပီလောပီနံဝယ်လိုအားသည် ရှေ့သို့ဆက်လက်တိုးလာရန် မျှော်မှန်းထားကြောင်းသိရှိရပါသည်။

လက်ရှိတွင် တရုတ်နှင့်ကိုရီးယားဈေးကွက်သို့ ပီလောပီနံခြောက်(အပြား)တင်ပို့သည့် ဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ (၃၀၅)နှင့် (၃၅၅)ခန့် အသီးသီးရှိနေကြောင်း သိရှိရသည်။

Source:[www.dtinews.vn/en/news/017002/83950/china-spends-nearly-us-400-million-purchasing-cassava-from-vietnam.html](www.dtinews.vn/en/news/017002/83950/china-spends-nearly-us-400-million-purchasing-cassava-from-vietnam.html) , Source: စီးပွားရေးသံမှူး၊ နန်နင်း

Source: [https://myantrade.gov.mm/article/Naypyitawstp_230520231101](https://myantrade.gov.mm/article/Naypyitawstp_230520231101)

## ပထမ ၃ လပတ် လုပ်ငန်းဆောင်ရွက်မှုဆန်းစစ်ချက်ပြီးနောက် စင်ကာပူစီးပွားရေးလုပ်ငန်းများက စီးပွားရေး အခြေအနေအပေါ် အဆိုးမြင်မှုများ ပိုမိုများပြားလာခြင်း

၂၀၂၃ ခုနှစ်၊ ပထမ ၃ လပတ်တွင် စီးပွားရေးအခြေအနေပိုမိုအားလျော့လာခြင်းကြောင့် စင်ကာပူစီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးအခြေအနေအပေါ် အဆိုးမြင်မှုများ ပိုမိုများပြားလာကြောင်း Business Times-Singapore University of Social Science (BT-SUSS) Business Climate Survey ၏ ၃ လပတ် လေ့လာဆန်းစစ်ချက်အရ တွေ့ရှိရသည်။

စီးပွားရေးလုပ်ငန်းစွမ်းဆောင်ရည်တိုင်းတာသည့် ညွှန်းကိန်း ၃ ခုစလုံးက ယခင် ၃ လပတ်မှစ၍ ဆိုးဝါး လာခဲ့ပါသည်။ အသားတင်ရောင်းချမှုတန်ဖိုးမှာ ထိခိုက်မှုအများဆုံးဖြစ်ပြီး ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့ပါသည်။ အသားတင်ရောင်းချမှုတန်ဖိုးမှာ လုပ်ငန်းများ၏ ရှယ်ယာတန်ဖိုးတက်ခြင်းနှင့်ကျခြင်း၏ ခြားနားချက်ဖြစ်ပြီး ယခင်နှစ်က ထိုသို့သောတန်ဖိုးဖြင့် နှိုင်းယှဉ်ထားသည့်ညွှန်းကိန်းဖြစ်ပါသည်။ ကောင်းမွန်သည့် အသားတင်ရောင်းချမှုတန်ဖိုးမှာ လုပ်ငန်းတိုးတက်ခြင်းကို ညွှန်ပြနေခြင်းဖြစ်ပြီး အနုတ်လက္ခဏာမှာ အခြေအနေဆိုးရွားမှုကို ညွှန်ပြနေခြင်းဖြစ်သည်။ အသားတင်အမြတ်တန်ဖိုးမှာ ၁၉ ရာခိုင်နှုန်းမှ ၃၇ ရာခိုင်နှုန်း သို့ ကျဆင်းခဲ့ပြီး ယခင် ၃ လပတ်ထက် ဆိုးဆိုးရွားရွား ကျဆင်းခဲ့ခြင်းဖြစ်သည်။ အသားတင်စီးပွားရေး အလားအလာမှာလည်း ၁၄ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ ပါသည်။ ခြုံငုံကြည့်ပါက နောင်လာမည့် ၆ လအထိ စီးပွားရေးအခြေအနေအပေါ် အဆိုးမြင်မှုများရှိနေမည်ဖြစ်သည်။

တင်းကျပ်သည့် ငွေကြေးမူဝါဒနှင့် ပထဝီနိုင်ငံရေးအခြေအနေတင်းမာမှုများကြားတွင် စင်ကာပူနိုင်ငံ၏ စီးပွားရေးမှာ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးရိုက်ခတ်မှုများကို ကြုံတွေ့နေရသည့်အတွက် ထိုသို့သောဆန်းစစ်ချက် ရလဒ်များမှာ အံ့ဩစရာမရှိကြောင်း DBS Group Research Economist ဖြစ်သူ Mr. Chua Han Teng က ပြောကြားခဲ့သည်။

ဆန်းစစ်ချက်ဆောင်ရွက်သူများက တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်တိုးမြှင့်ဆောင်ရွက်လာမှုနှင့် လျှပ်စစ်လုပ်ငန်းကဏ္ဍပြန်လည်ကောင်းမွန်လာမှု စသည့်အချက်များကိုအခြေခံ၍ ဒုတိယ ၃ လပတ်တွင် ဂျီဒီပီ တန်ဖိုးမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းမှ ၂ ဒသမ ၆ ရာခိုင်နှုန်းအကြားရှိလာနိုင်မည်ဟု မျှော်မှန်းထားပါသည်။ ယခုအခြေအနေမှာ ယခင်နှစ်ကထက် စီးပွားရေးအခြေအနေအားနည်းနေသော်လည်း ယခင် ၃ လပတ်ထက် ပိုမိုတိုးတက်မှုရှိလာနိုင်မည်ဖြစ်ကြောင်း ဆန်းစစ်ချက် ဆောင်ရွက်သူများက ပြောကြားခဲ့သည်။

Mr. Chua Han Teng က Economic Development Board ၏ စီးပွားရေးမျှော်မှန်းချက် လေ့လာဆန်းစစ်ချက်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည်တိုးမြှင့်ဆောင်ရွက်လာမှုသည် ဝယ်လိုအားကို ဖြစ်ပေါ်လာစေနိုင်သည်ဖြစ်ရာ ကုန်ထုတ်လုပ်သူများအတွက် လာမည့် ၆ လတာကာလတွင် အနည်းငယ်တိုးတက်မှုရရှိလာနိုင်ကြောင်း၊ တရုတ်နိုင်ငံ၏ စီးပွားရေး

ပြန်လည်တိုးမြှင့်ဆောင်ရွက်လာမှုသည် စင်ကာပူနိုင်ငံ၏ ပို့ကုန်ကိုပိုမိုတိုးတက်စေကာ ၂၀၂၃ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ခရီးသွားကဏ္ဍနှင့်ဆက်စပ်သည့် လုပ်ငန်းများ အပေါ်တွင်လည်း သက်ရောက်မှုရှိမည်ဟု ပြောကြားခဲ့သည်။

ယခုအခြေအနေအပေါ် အဆိုးမြင်သည့် စီးပွားရေးပညာရှင်များလည်း ရှိနေဆဲဖြစ်သည်။ United Overseas Bank (UOB) ၏အကြီးတန်းစီးပွားရေးပညာရှင် Mr. Alvin Liew က တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုမရှိနိုင်သကဲ့သို့ ဒုတိယ ၃ လပတ်တွင်လည်း သုည ဒသမ၂ ရာခိုင်နှုန်း ကျဆင်းနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ထုတ်လုပ်မှုနည်းပါးလာမှုကြောင့် စင်ကာပူနိုင်ငံ၏ နည်းပညာကဏ္ဍတွင် ဆုတ်ယုတ်မှုများကြုံတွေ့နိုင်သည့် အခြေအနေရှိကြောင်း ပြောကြားခဲ့သည်။

Maybank ၏ စီးပွားရေးပညာရှင် Dr. Chua Hak Bin က တရုတ်နိုင်ငံ၏ စီးပွားရေးပြန်လည် တိုးမြှင့်ဆောင်ရွက်လာမှုသည် ကန့်သတ်ချက်များရှိနေဆဲဖြစ်ကြောင်း၊ စီးပွားရေးကျဆင်းမှုသည် ဒုတိယ ၃ လ ပတ်အထိ ဆက်လက် ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း၊ တင်းကျပ်သည့်အကြွေးနှင့် ချေးငွေအခြေအနေများကြောင့် ဒုတိယနှစ်ဝက်တွင် စီးပွားရေးပြန်လည်ကောင်းမွန်လာရန်မှာ မသေချာသည့်အခြေအနေဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆန်းစစ်ချက်များအရ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှာ ပထမ ၃ လပတ်တွင် အကောင်းဆုံးဆောင်ရွက်နိုင်သည့် ကဏ္ဍအဖြစ် ရပ်တည်လျက်ရှိပြီး ထိပ်ဆုံးလုပ်ငန်းအခု ၂၀ တွင် ၁၆ ခုမှာ ၎င်းကဏ္ဍမှ ဖြစ်ကာ ကျန်လုပ်ငန်း ၄ ခုမှာ ဆောက်လုပ်ရေးကဏ္ဍမှဖြစ်သည်။ စက်မှုထုတ်ကုန်အချက်အလက်များအရ ပို့ဆောင်ရေး အင်ဂျင်နီယာလုပ်ငန်းမှာ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးတက်လာကြောင်း တွေ့ရှိရသည်။

အများဆုံးတင်သွင်းသည့် ကုန်စည်၊ လုပ်သားအင်အား၊ ပို့ဆောင်ရေး သို့မဟုတ် သင်္ဘောတင်ပို့ခြင်း၊ ငှားရမ်းခ သို့မဟုတ် ပစ္စည်းခွန်စသည့်အချက် ၄ ချက်ဖြင့် ၂၀၂၃ ခုနှစ်အတွက် စီးပွားရေးလုပ်ငန်း ဆောင်ရွက် ရာတွင် ကျသင့်သည့် ကုန်ကျစရိတ်တန်ဖိုးနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းများက မေးခွန်းထုတ်မှုများ ရှိခဲ့သည်။ ကုန်ကျစရိတ်ကို ၅ ရာခိုင်နှုန်းထက် ပိုမိုကျသင့်စေရန် ဈေးနှုန်းများတက်လာမည်ဟု လုပ်ငန်း အများစုက မျှော်မှန်းကြပြီး လုပ်သားကုန်ကျစရိတ်အတွက် လုပ်ငန်းများ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်း၊ အများဆုံး တင်သွင်းသည့် ကုန်စည်အတွက် လုပ်ငန်းများ၏ ၅၇ ဒသမ ၉ ရာခိုင်နှုန်း၊ ပို့ဆောင်ရေး သို့မဟုတ် သင်္ဘောတင်ပို့ခြင်းအတွက် လုပ်ငန်းများ၏ ၅၂ ဒသမ ၉ ရာခိုင်နှုန်းစသည်ဖြင့် သက်ရောက်မှုရှိမည်ဟု မျှော်မှန်းထားကြသည်။ ငှားရမ်းခ သို့မဟုတ် ပစ္စည်းခွန်အတွက်လုပ်ငန်းများ၏ ၄၀ ဒသမ ၅ ရာခိုင်နှုန်းက စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျသင့်သည့်ကုန်ကျစရိတ်ကို ၅ ရာခိုင်နှုန်းထက် ပိုမိုကုန်ကျမည်ဟု မျှော်မှန်းထားပြီး လုပ်ငန်းများ၏ ၁၃ ဒသမ ၄ ရာခိုင်နှုန်းက ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း ကုန်ကျမည်ဟု မျှော်မှန်းထားကြသည်။

DBS Group Research Economist ဖြစ်သူ Mr. Chua Han Teng က ဆန်းစစ်ချက်ရလဒ်များမှာ ၂၀၂၃ ခုနှစ် အစောပိုင်းတွင် တင်းကျပ်သည့် ပြည်တွင်းလုပ်သားဈေးကွက်အခြေအနေများကြောင့်ဖြစ်ကြောင်း၊ မကြာမီ ကာလအတွင်း စီးပွားရေးလုပ်ငန်းများက အဆိုပါကုန်ကျစရိတ်ကို စားသုံးသူများကို ကျခံစေမှုဖြစ်စေခဲ့ကြောင်း ပြောကြားခဲ့သည်။ United Overseas Bank (UOB) ၏ အကြီးတန်းစီးပွားရေးပညာရှင် Mr. Alvin Liew က စင်ကာပူနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ပထမ ၃ လပတ်တွင် ဆက်လက်ကျဆင်းခဲ့ပြီး စင်ကာပူ၏ လုပ်သား ဈေးကွက်တွင် တင်းကျပ်မှုများသည် စင်ကာပူနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီများအတွက် အလုပ်သမားကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ဖိအားများဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ကုန်သွယ်မှုပမာဏလျော့ကျပြီး ပြည်ပဝယ်လိုအားနည်းပါးမှုကြောင့် ကုန်စည်သယ်ယူပို့ဆောင်သည့်နှုန်းများမှာ ကပ်ရောဂါကာလမတိုင်မီအခြေအနေသို့ ပြန်လည်ကျဆင်းလာသည်ဖြစ်ရာ သင်္ဘောတင်ပို့မှုနှင့် သယ်ယူ ပို့ဆောင်ရေးကုန်ကျစရိတ်များမှာ ကျဆင်းသင့်ကြောင်း Maybank ၏ စီးပွားရေးပညာရှင် Dr. Chua Hak Bin က ပြောကြားခဲ့ပါသည်။ ရင်းမြစ်။ The Business Times, Source: စီးပွားရေးသံမှူး၊ စင်ကာပူမြို့

Source: https://myantrade.gov.mm/article/STP(Yangon)%2023052023%2014:%2028

## တရုတ်နိုင်ငံသည် တောင်အာဖရိကမှ ပြောင်းကို ပထမဆုံး ဝယ်ယူခဲ့ခြင်း

ကမ္ဘာ့နံ့စားသီးနှံထိပ်တန်းဝယ်ယူသည့် တရုတ်နိုင်ငံသည် ၎င်း၏သီးနှံဝယ်ယူသည့်ဈေးကွက်ကို ကွဲပြားစေရန် ကြိုးပမ်းနေသောကြောင့် ယခုသီတင်းပတ်အတွင်းတောင်အာဖရိကမှပြောင်းကို ပထမဆုံးတင်သွင်းခဲ့ကြောင်း သိရှိရသည်။

တရုတ်ရှိ နိုင်ငံပိုင်အဖွဲ့အစည်းဖြစ်သည့် COFCO Group မှဝယ်ယူသည့် တန်ချိန် (၅၃,၀၀၀) ပါရှိသော ကုန်တင်သင်္ဘောသည် ကွမ်တုံပြည်နယ်တောင်ပိုင်းရှိ Machong ဆိပ်ကမ်းသို့ရောက်ရှိလာပြီး တိရစ္ဆာန်အစာ ထုတ်လုပ်သူများထံ ရောင်းချမည်ဖြစ်ကြောင်းသိရှိရသည်။ အာဖရိကတိုက်၏ ထိပ်တန်းပြောင်းထုတ်လုပ်သည့် တောင်အာဖရိကနိုင်ငံသည် ပြောင်းအထွက်တိုးရန် မျှော်လင့်လျက်ရှိကြောင်း၊ မကြာသေးမီက အမေရိကန်စိုက်ပျိုးရေးအစီရင်ခံစာတွင် ၂၀၂၃-၂၀၂၄ သီးနှံရာသီ ပြောင်းတင်ပို့မှု တန်ချိန် (၂ ဒသမ ၃)သန်းရှိမည်ဟု ခန့်မှန်းထားကြောင်းသိရှိရသည်။

တရုတ်နိုင်ငံသည် လွန်ခဲ့သည့်နှစ်များက တောင်အာဖရိကနိုင်ငံမှ ပြောင်းတင်သွင်းမှုကို ခွင့်ပြုခဲ့သော် လည်း COFCO ၏ဝယ်ယူမှုသည် တရုတ်နိုင်ငံသို့ရောက်ရှိသည့် ပထမဆုံးသိသာထင်ရှားသော ပမာဏဖြစ်ကြောင်း၊ ထိပ်တန်းပြောင်း တင်ပို့သည့် ယူကရိန်းသည် ပဋိပက္ခဖြစ်ပွားပြီးနောက် တင်ပို့မှုများရပ်တန့်သွားသဖြင့် အမေရိကန်အပေါ် ပိုမိုမှီခိုလာခဲ့ရခြင်းကို ရပ်တန့်ရန်အတွက် တရုတ်နိုင်ငံအနေဖြင့် သီးနှံရောင်းချသူအသစ်များကိုရှာဖွေရန် ကြိုးပမ်းနေချိန်တွင် ယခုကဲ့သို့ တောင်အာဖရိကမှ တင်ပို့နိုင်ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

COFCO သည် တောင်အာဖရိကမှ ပြောင်းအမြောက်အမြား တင်သွင်းမှုကို တိုးမြှင့်ရန်နှင့်ဝယ်ယူမှုများကို ပုံမှန်ပြုလုပ်ရန် လုပ်ဆောင်နေကြောင်း COFCO International ၏ ပြောင်းသီးနှံ လုပ်ငန်းအကြီးအကဲ Fan Zhenyu အား ကိုးကား၍ ဆင်ဟွာသတင်းအရသိရှိရပါသည်။

ယခင်နှစ်နှောင်းပိုင်းတွင် တရုတ်နိုင်ငံသည် ဘရာဇီးလ်နိုင်ငံမှ ပြောင်းတင်ပို့သူများစာရင်းကို ပြင်ဆင်ခဲ့ကြောင်း၊ ယင်းအချက်သည် တောင်အမေရိကနိုင်ငံမှ ပြောင်းတင်သွင်းမှု မြင့်တက်သွားစေခဲ့ကြောင်း သိရှိရပါသည်။ ဘရာဇီးလ်နိုင်ငံမှ ပြောင်းတင်သွင်းမှုများ မြင့်တက်လာမှုကြောင့် အမေရိကန်မှ ပြောင်းဝယ်ယူမှုဖျက်သိမ်းခြင်းကိုဖြစ်ပေါ်စေပြီး ပြောင်းဈေးကွက်ကို လပေါင်းများစွာ အနိမ့်ဆုံးသို့ တွန်းပို့ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအနေဖြင့် ဘရာဇီးလ်နှင့် တောင်အာဖရိကတို့မှပြောင်းများကို တင်သွင်းခြင်းဖြင့် အမေရိကန်မှ ပြောင်းတင်သွင်းမှုအပေါ်မှီခိုနေရခြင်းကို လျှော့ချနိုင်ရန်ကြိုးပမ်းလျက်ရှိရာ မြန်မာ့ပြောင်းများအတွက် အခွင့် အလမ်းများရှိနေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း စိန်ခေါ်မှုအဖြစ်ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် လိုအပ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့ပြင် တရုတ်နိုင်ငံ၏ ပြည်တွင်းဈေးကွက်၌ တိရစ္ဆာန်အစာအတွက် ပြောင်းအစား ဈေးသက်သာသည့်ဂျုံကို အစားထိုးသုံးစွဲလာခြင်းနှင့်ပြည်တွင်းပြောင်းအထွက်တိုးမည်ဟု မျှော်မှန်းထားခြင်းတို့ကြောင့် တရုတ်၏ပြောင်းဝယ်လိုအား ကျဆင်းနိုင်ဖွယ်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ **Source:** https://www.nasdaq.com/articles/china-buys-first-cargo-of-south-african-corn ,

**Source:** စီးပွားရေးသံမှူး၊ နန်နင်း

Source: https://myantrade.gov.mm/article/Naypyitawstp_230520231200

## တရုတ်နိုင်ငံတွင် ဒူးရင်းသီးရောင်းချရမှုအမြင့်ဆုံးရာသီ၌ အရည်အသွေးမြင့်ဒူးရင်းသီးဈေးနှုန်းများ တည်ငြိမ်လျက်ရှိနေ

ဒူးရင်းသီးသည် တရုတ်နိုင်ငံစားသုံးသူများအကြား လူကြိုက်အများဆုံး သွင်းကုန်သစ်သီးဝလံတစ်မျိုးဖြစ်ကာ တရုတ်နိုင်ငံတွင် ဒူးရင်းသီးဝယ်လိုအားမှာ မြင့်တက်လျက်ရှိသည်။ ယခုနှစ် မေလအတွင်း ဒူးရင်းသီးရောင်းဝယ်မှုများ အမြင့်ဆုံးရာသီသို့ ရောက်ရှိလာခဲ့ကာ ဈေးကွက်တွင် စုစုပေါင်းရောင်းလိုအား၊ ဝယ်လိုအားပမာဏများ မြင့်တက်လာခဲ့သည်။ ဈေးကွက်တွင် ရောင်းဝယ်ဖောက်ကားသူများ၏အဆိုအရ လက်ရှိဒူးရင်းသီးဈေးနှုန်းသည် အရည်အသွေး၊ မူရင်းထွက်ရှိဒေသနှင့် အမျိုးအစားတို့ပေါ်တွင် မူတည်နေကြောင်း၊ အရည်အသွေးမြင့်အမျိုးအစားများမှာ ဈေးနှုန်းခိုင်မာနေပြီး အရည်အသွေးနိမ့် အမျိုးအစားများမှာ ဈေးနှုန်းနိမ့်ကျလျက်ရှိကြောင်း သိရှိရပါသည်။

အဓိကအချက်မှာ ထိုင်းနိုင်ငံအရှေ့ပိုင်းမှ ဒူးရင်းသီးရောင်းချနိုင်မှုများ ကျဆင်းလာပြီး ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဒူးရင်းသီးထုတ်လုပ်မှုဧရိယာများမှ အရေအတွက်များစွာ စတင်ရောင်းချမှု မရှိသေးခြင်းကြောင့်ဖြစ်ကြောင်း၊ အရှေ့ဘက်ပိုင်းရှိ ဒူးရင်းသီးအဝယ်ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိခြင်းကြောင့် တရုတ်နိုင်ငံဘက်တွင်ဈေးနှုန်းမြင့်တက်မှုရှိနေကြောင်း သိရှိရပါသည်။ ဇူလိုင်လတွင် ထိုင်းနိုင်ငံတောင်ပိုင်းရှိ ဒူးရင်းသီးများစွာ ဈေးကွက်သို့ဝင်ရောက်လာမည်ဖြစ်ပြီး အရည်အသွေးနှင့် အရသာမှာမူ အရှေ့ပိုင်းထက် အနည်းငယ်နိမ့်ကျကာ ဈေးနှုန်းလည်းကျဆင်းနိုင်မည်ဟု မျှော်လင့်ထားရှိပါသည်။

မကြာသေးမီနှစ်များအတွင်းက အရှေ့တောင်အာရှနှင့်အခြားဒူးရင်းသီးထုတ်လုပ်သည့် နိုင်ငံများသည် တရုတ်နိုင်ငံ၏ ကြီးမားသောဈေးကွက်ကို ဦးတည်လာကြကာ တရုတ်စားသုံးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး တရုတ်နိုင်ငံဈေးကွက်ဝေစုရယူရန် တရုတ်ဈေးကွက်သို့ ဒူးရင်းသီးများ တင်ပို့လာကြပါသည်။ လတ်ဆတ်သောဒူးရင်းသီးများသည် အေးခဲဒူးရင်းသီးများထက် သယ်ယူပို့ဆောင်မှုပိုင်းနှင့် သိုလှောင်ထိန်းသိမ်းမှုပိုင်းတွင် ပိုမိုခက်ခဲမှုများရှိကာ ၂၀၂၂ ခုနှစ်မတိုင်မီအထိ ထိုင်းနိုင်ငံတစ်နိုင်ငံတည်းသာ တရုတ်နိုင်ငံသို့ လတ်ဆတ်နှင့်အေးခဲဒူးရင်းသီးများ တင်ပို့နိုင်ခဲ့ပါသည်။ အခြားအရှေ့တောင်အာရှနိုင်ငံများဖြစ်ကြသည့် မလေးရှား၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် တရုတ်နိုင်ငံသို့ အေးခဲဒူးရင်းသီးများသာ တင်ပို့နိုင်ကြပြီး တရုတ်နိုင်ငံအနေဖြင့်လည်း နေရာများစွာမှ ဝယ်ယူတင်သွင်းနိုင်ရန် ၎င်း၏ သွင်းကုန်တင်သွင်းမှုပုံစံကို စိစစ်သုံးသပ်လျက်ရှိပါသည်။

၂၀၂၂ခုနှစ် ဇူလိုင်လတွင် တရုတ်နိုင်ငံ၏ဈေးကွက်လိုအပ်ချက်များနှင့်ကိုက်ညီသော ဗီယက်နမ်နိုင်ငံမှ လတ်ဆတ် ဒူးရင်းသီးများကို ခွင့်ပြုပေးခဲ့ကာ ၂၀၂၃ခုနှစ် ဇန်နဝါရီလတွင် ဖိလစ်ပိုင်နိုင်ငံမှ တင်သွင်းသောဒူးရင်းသီးများကို ခွင့်ပြုပေးခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတစ်ခုတည်းမှ ဝယ်ယူတင်သွင်းမှုပုံစံကို ပြောင်းလဲ၍ အခြားဝယ်ယူရရှိနိုင်မည့် နိုင်ငံများမှလည်း တိုးချဲ့ဝယ်ယူရန်ဆောင်ရွက်လာပါသည်။ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံမှ ဒူးရင်းသီးများကို တင်သွင်းခွင့်ပြုပေးခဲ့ခြင်းကြောင့် တရုတ်နိုင်ငံတွင် ဒူးရင်းသီးရောင်းချမှုဈေးကွက်တိုးတက်မြင့်မားလာပြီး တစ်နှစ်ပတ်လုံး လတ်ဆတ် ဒူးရင်းသီးများကို ရောင်းဝယ်ဖောက်ကားမှုပြုလုပ်လာနိုင်ပါသည်။

ဗီယက်နမ်နိုင်ငံသည် ရေတိုကာလတွင် ထိုင်းနိုင်ငံထက် သယ်ယူပို့ဆောင်မှုစရိတ်၊ ထောက်ပံ့ပို့ဆောင်မှုအချိန်နှင့် ဈေးနှုန်းပိုင်းတို့တွင် ပိုမိုယှဉ်ပြိုင်နိုင်စွမ်းရှိလာနိုင်သော်လည်း အကောက်ခွန်ရှင်းလင်းခြင်း အဆင်ပြေလွယ်ကူစေမှု၊ အရည်အသွေးနှင့် ရောင်းချမှုကွင်းဆက်တည်ဆောက်မှုပုံစံများတွင် ထိုင်းနိုင်ငံထက် နောက်ကျကျန်နေခြင်းများရှိကြောင်း သိရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ဒူးရင်းသီးထုတ်လုပ်နိုင်မှုအဆင့်အတန်းသည် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံထက် အရည်အသွေးနိမ့်ကျနေပြီး ဒူးရင်းသီးပို့ကုန်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများမှာလည်း အဆိုပါနိုင်ငံများလောက်ကောင်းမွန်ခြင်းမရှိကြောင်း သိရှိရပါသည်။

လက်ရှိတရုတ်နိုင်ငံ ဒူးရင်းသီးဈေးကွက်ဝေစုပြိုင်ဆိုင်နေမှုအခြေအနေအရ ထိုင်းနိုင်ငံမှ ဒူးရင်းသီးများတရုတ်နိုင်ငံဈေးကွက်တွင်နေရာရယူထားမှုသည် ရေတိုကာလတွင် အခက်အခဲများရှိနေနိုင်ပြီး ရေရှည်ကာလတွင် အရည်အသွေးကောင်းမွန်၍ စရိတ်သက်သာစွာဆောင်ရွက် ပေးနိုင်သည့်နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံဈေးကွက်ဝေစုပိုမိုရရှိနိုင်မည်ဟု သုံးသပ်ထားကြောင်း သိရှိရပါသည်။ ရင်းမြစ်– China Fruit Marketing Association

Source: STP

## ဟောင်ကောင်အခြေစိုက် ကုမ္ပဏီ ၇၂ ရာခိုင်နှုန်းကျော် ပြည်ပဈေးကွက် ချဲ့ထွင်လို

ဟောင်ကောင်အခြေစိုက် ကုမ္ပဏီ ၁၀ ခုအနက် ၇ ခု (၇၂ ရာခိုင်နှုန်း) မှာ ၎င်းတို့၏ လုပ်ငန်းများကို ပြည်ပ ဈေးကွက်များသို့ တိုးချဲ့လိုကြသည်ဟု UOB ၏ စီးပွားရေးရာလေ့လာမှုအစီရင်ခံစာတွင် ဖော်ပြထားကြောင်း Hong Kong Business သတင်းဌာနမှ “7 in 10 HK-based firms eye overseas expansion” ခေါင်းစဉ်ဖြင့်ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်အခြေစိုက်ကုမ္ပဏီများ၏ ၄၇ ရာခိုင်နှုန်းမှာ ပြင်ပဈေးကွက်သို့ တိုးချဲ့လုပ်ကိုင်သွားရန် အနည်းငယ်စိတ်ဝင်စားသော်လည်း ၂၆ ရာခိုင်နှုန်းမှာ အလွန်စိတ်ဝင်စားလျက်ရှိကြောင်း၊ လက်ကားရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းများမှာ လုပ်ငန်းချဲ့ထွင်ရန် စိတ်အဝင်စားဆုံးဖြစ်ပြီး၊ နည်းပညာလုပ်ငန်း၊ မီဒီယာနှင့်ဆက်သွယ်ရေးလုပ်ငန်း၊ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် အင်ဂျင်နီယာလုပ်ငန်းများမှလည်း စိတ်ပါဝင်စားမှုမြင့်မားကြောင်း ရေးသားဖော်ပြထားပါသည်။

ထိုသို့ပြည်ပဈေးကွက်သို့ တိုးချဲ့ရန် စိတ်ပါဝင်စားသည့် အကြောင်းရင်းသုံးချက်မှာ - အကျိုးအမြတ်တိုးမြင့်ရရှိရန်၊ နိုင်ငံတကာတွင်လုပ်ငန်း၏ ဂုဏ်သတင်းတည်ဆောက်နိုင်ရန်နှင့် ၎င်းတို့၏ အခွန်အခတိုးမြင့်နိုင်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းချဲ့ထွင်လိုသည့်လုပ်ငန်းအများစုမှာ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုလမ်းကြောင်းများကို အသုံးပြုသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။ နည်းပညာလုပ်ငန်း၊ မီဒီယာနှင့်ဆက်သွယ်ရေးလုပ်ငန်းများအနေဖြင့် နယ်စပ်ဖြတ်ကျော် ဒစ်ဂျယ်တယ်ကုန်သွယ်ရေးလမ်းကြောင်းများကို အသုံးပြုသွားရန် စိတ်ပါဝင်စားနေကြောင်း ရေးသားဖော်ပြထားပါသည်။

အရှေ့တောင်အာရှဈေးကွက်တွင် ဟောင်ကောင်လုပ်ငန်းများ ချဲ့ထွင်လုပ်ကိုင်ရန် စိတ်ဝင်စားမှု အရှိဆုံးနေရာများမှာ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ကြောင်း ရေးသားဖော်ပြထားပါသည်။ Source: စီးပွားရေးသံမှူး၊ ဟောင်ကောင်

Source: https://myantrade.gov.mm/article/Naypyitawstp170520230247

## ဂျပန်နိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းကဏ္ဍ ပြန်လည်ကောင်းမွန်လာသော်လည်း စိန်ခေါ်မှုများရှိနေဆဲဖြစ်

ဂျပန်နိုင်ငံတွင် ပြည်ပခရီးသွားများကို ပြန်လည်ဝင်ရောက်ခွင့်ပေးခြင်းနှင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးခဲ့သည့်အတွက် ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍမှာ ပြန်လည် ကောင်းမွန်လာလျက်ရှိသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံအတွင်းပြည်ပဧည့်သည် အများဆုံး ဝင်ရောက်နိုင်သည့်အရေအတွက် သတ်မှတ်ချက်ကို ဖြေလျှော့ခဲ့ပြီး ပြည်ပမှတစ်ဦးချင်း ဝင်ရောက်မှု ကန့်သတ်ချက်ကိုလည်း ဖြေလျှော့ခဲ့သည်။ ၂၀၂၃ ခုနှစ် မတ်လတွင် နှာခေါင်းစီးမဖြစ်မနေတပ်ဆင်ရမည့် သတ်မှတ်ချက်ကိုလည်း ဖြေလျှော့ပေးခဲ့ပြီး ဖြစ်ပါ သည်။

ထို့ကြောင့်ပင် ၂၀၂၃ ခုနှစ် မတ်လတွင် ဧည့်သည် ၂ သန်းနီးပါးဝင်ရောက်ခဲ့ပြီး၊ အဆိုပါအရေအတွက်မှာ ၂၀၁၉ ခုနှစ် မတ်လတွင် ဝင်ရောက်ခဲ့သည့်ဧည့်သည်အရေအတွက်၏ သုံးပုံနှစ်ပုံနီးပါးဖြစ်သည်။ ၂၀၂၂ ခုနှစ် မတ်လနှင့်နှိုင်းယှဉ်ပါက ၂၇ ဒသမ ၅ ဆ ပိုမိုများပြားခဲ့ခြင်း ဖြစ်သည်။

မတ်လတွင် ဂျပန်နိုင်ငံသို့ အများဆုံးဝင်ရောက်ခဲ့သည့် နိုင်ငံ/ဒေသများမှာ ကိုရီးယားသမ္မတနိုင်ငံ (၄၆၆,၈၀၀)၊ ထိုင်ဝမ်(၂၇၈,၉၀၀)၊ အမေရိကန်နိုင်ငံ(၂၀၃,၀၀၀)၊ ဟောင်ကောင်(၁၄၄,၉၀၀)တို့ဖြစ်ကြပါသည်။ ဂျပန်နိုင်ငံသို့ တရုတ်နိုင်ငံမှ ဧည့်သည်ဝင်ရောက်မှုဆိုင်ရာကန့်သတ်ချက်များကို မတ်လ ၁ ရက်နေ့တွင် ဖြေလျှော့ခဲ့ပြီးနောက် နိုင်ငံအတွင်း တရုတ်နိုင်ငံမှ လာရောက်ခဲ့သည့် ဧည့်သည်အရေအတွက်မှာ ဖေဖော်ဝါရီလနှင့်နှိုင်းယှဉ်ပါက ၂ ဆ မြင့်တက်ခဲ့ပြီး ၇၅,၀၀၀ သို့ရောက်ရှိခဲ့သည်။

Nomura Research Institute က အကြီးတန်းစီးပွားရေးပညာရှင် Takahide Kiuchi က ၂၀၂၃ ခုနှစ်တွင် ပြည်ပဧည့်သည်လာရောက်မှုမှ ဂျပန်ယန်း ၄,၉၅၈ ဘီလီယံ (အမေရိကန် ဒေါ်လာ ၃၆ ဒသမ ၇ ဘီလီယံ) ရရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

ဂျပန်နိုင်ငံတွင် ယန်းငွေတန်ဖိုးကျဆင်းနေခြင်းကြောင့် ပြည်ပခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့်ရရှိသည့်ဝင်ငွေဖြင့် နိုင်ငံ့စီးပွားရေးပြန်လည်အားကောင်းအောင် ဆောင်ရွက်နေသော်လည်း ဧည့်သည်အရေအတွက် ဝင်ရောက်မှုများပြားလာခြင်းအပေါ် အလျဉ်မီအောင်ဝန်ဆောင်မှုပေးနိုင်ရန်အတွက် စိန်ခေါ်မှုများကြုံတွေ့လျက်ရှိကြောင်း ဖော်ပြထားပါသည်။

Teikoku Databank က ဇန်နဝါရီလတွင် ထုတ်ပြန်ထားသည့် စစ်တမ်းများအရ ၈၁ ဒသမ ၈ ရာခိုင်နှုန်းသောတည်းခိုခန်း၊ ဟိုတယ်များနှင့် ၈၀ ဒသမ ၄ ရာခိုင်နှုန်းသော စားသောက်ဆိုင်များတွင် အချိန်ပိုင်းလုပ်သားပြတ်လပ်မှုများကြုံတွေ့နေရကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် လုပ်သားပြတ်လပ်မှုကိုကျော်လွှားနိုင်ရေး ပြည်ပလုပ်သားများကို ခေါ်ယူခဲ့ကြောင်း၊ ပြည်ပကျောင်းသားများအနေဖြင့် ဂျပန်နိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်မှုမှာ ၄၀ ရာခိုင်နှုန်းနီးပါးရှိပါကြောင်း၊ လုပ်သားနည်းပါးလာမှုကို ကျော်လွှားနိုင်ရန်အတွက် အချို့သောလုပ်ငန်းရှင်များအနေဖြင့် ဒီဂျစ်တယ်စနစ်ကို အသုံးပြု၍ ဟိုတယ်လုပ်ငန်းများတွင် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံတွင် ဟိုတယ် ၄၅ လုံး လည်ပတ်ဆောင်ရွက်နေသည့် Tokyu Hotel အနေဖြင့် ၎င်း၏ဟိုတယ် ၃၉ လုံးတွင် NEC's Smart Hospitality Service ကိုမိတ်ဆက်ပြီး Facial Recognition နှင့် QR Code များအသုံးပြု၍ Check-in ကို အလိုအလျောက်စနစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

ခရီးသွားဧည့်သည် အလွန်များပြားခဲ့ခြင်းသည် ဂျပန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် စိန်ခေါ်မှု တစ်ရပ်ဖြစ်ခဲ့ပါသည်။ ခရီးသွားလည်ပတ်မှု များပြားသော ဒေသခံများနေထိုင်သည့်နေရာများတွင် လမ်းပိတ်ခြင်း၊ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ အမှိုက်စွန့်ပစ်မှုများခြင်း၊ ဆူညံမှုများဖြစ်ပေါ်ခြင်းများ ကြုံတွေ့ခဲ့ရကြောင်း၊ ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်ရန်နေရာချဲ့ထွင်ဆောင်ရွက်ခြင်းဖြင့် ခရီးသွားဧည့်သည် အလွန်အမင်းစုပြုံခြင်းကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ ခရီးသွားကဏ္ဍအရှိန်အဟုန်ဖြင့် ပြန်လည်ရှင်သန်လာရေးအတွက် အထောက်အပံ့ဖြစ်စေမည် ဖြစ်ကြောင်း ဖော်ပြထားသည်။

Japan Tourism Agency ၏စစ်တမ်းအရ အားလပ်ရက်နှင့်နေ့ထူးနေ့မြတ်များတွင် ခရီးသွားလာမှုများပြားပြီး ရုံးဖွင့်ရက် တနင်္လာမှ သောကြာနေ့များတွင် ခရီးသွားလာမှုမှာ ၁၆ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြထားပါသည်။ ထို့ကြောင့် အစိုးရအနေဖြင့် အဆိုပါနေ့များတွင် ခရီးသွားလာမှုကို ဖြန့်ကျက်နိုင်ရန်အတွက် Weekday Travel Coupons များပေးခြင်းဖြင့် ခရီးသွားလာမှုအတွက် အထောက်အပံ့ဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

အစိုးရအနေဖြင့် ဝန်ထမ်းများကို အိမ်မှနေ၍ Teleworking စနစ်ဖြင့် အလုပ်လုပ်စေလျက်ရှိပါကြောင်း၊ အဆိုပါစနစ်ကြောင့် ရုံးဖွင့်ရက် တနင်္လာမှ သောကြာနေ့များတွင် ခရီးသွားလာရင်း အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် ရုံးဖွင့်ရက်-ရုံးပိတ်ရက်ခရီးသွားလာမှု ဟန်ချက်ညီစေရန် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံ အိုဆာကာတွင် "Designing Future Society for Our Lives" ခေါင်းစဉ်ဖြင့် ၆ လကြာကျင်းပမည့် The Expo 2025 Osaka Kansai သို့ ပြည်ပဧည့်သည် ၃ ဒသမ ၅ သန်းလာရောက်မည်ဟု ခန့်မှန်းထားသည့်အတွက် ဧည့်သည်အရေအတွက် ဆက်လက်များပြားနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှား နိုင်ရေးအတွက် ခရီးသွားလာမှုပုံစံအသစ်များဖန်တီးပေးခြင်း၊ ဝန်ဆောင်မှုအသစ်များဖန်တီးပေးခြင်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြ

ထားပါသည်။Source : World Economic Forum, Centre for the New Economy and Society's News Article (10-5-2023)၊ Source: စီးပွားရေးသံမှူး၊ တိုကျိုမြို့

Source: https://myantrade.gov.mm/article/STP(Yangon)%2016052023%2010:52

## ဖိလစ်ပိုင်တွင် အခွန်ပေးဆောင်မှုလွယ်ကူချောမွေ့စေရေးဥပဒေအား အတည်ပြုပေးရန် အထက်လွှတ်တော် အမတ်များမှ ပြောကြား

ဖိလစ်ပိုင်နိုင်ငံသားများအနေဖြင့် အခွန်ပေးဆောင်ရာတွင် ပိုမိုလွယ်ကူချောမွေ့မှုရှိစေရေး အခွန်ပေးဆောင်မှု လွယ်ကူချောမွေ့စေရေးဥပဒေ (Ease of Paying Tax Bill- SB 2224) အား အတည်ပြုပေးရန်မျှော်လင့်ကြောင်း Business group Makati Business Club (MBC) မှ ပြောကြားခဲ့သည်။ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်စွာလည်ပတ်နိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ အစိုးရ၏ဘဏ္ဍာရေး ပိုမိုခိုင်မာ အားကောင်းလာစေရန်၊ အခွန်ထမ်းပြည်သူများ အခွန်ထမ်းဆောင်ရာတွင် လွယ်ကူအဆင်ပြေနိုင်စေရန်အတွက် အခွန်ပေးဆောင်မှုလွယ်ကူချောမွေ့စေရေး ဥပဒေအား အောက်လွှတ်တော်၊ အထက်လွှတ်တော်နှင့် နိုင်ငံတော်သမ္မတအနေဖြင့် ပြင်ဆင်အတည်ပြုပေးရန် MBC မှ ကြေညာချက် ထုတ်ပြန်တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အဆိုပါဥပဒေအား ပြင်ဆင်အတည်ပြုပေးခြင်းသည် အခွန်ထမ်းပြည်သူများအား အခွန်ပေးဆောင်ရာတွင် လွယ်ကူချောမွေ့စေခြင်း၊ အထူးသဖြင့် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများမှ ၎င်းတို့ပေးဆောင်ရမည့် အခွန်များအား အလွယ်တကူပေးဆောင်နိုင်ခြင်းဖြင့် အစိုးရ၏အခြေခံအဆောက်အအုံ စီမံကိန်းများ၊ အစီအစဉ်များ၊ ဝန်ဆောင်မှုပေးသည့်စီမံကိန်းများနှင့် အမျိုးသားလုံခြုံရေးတို့အား အခွန်ရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထို့ပြင် MSMEs လုပ်ငန်းများအနေဖြင့် ပိုမိုထိရောက်စွာ လုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး အလုပ်အကိုင်အခွင့် အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ဥပဒေတွင် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် အကြီးစားလုပ်ငန်းများရှိ အခွန်ထမ်းပြည်သူများအတွက် ယခုထက်ပိုမိုတိကျသော ရှင်းလင်းဖော်ပြချက်များအား ပြင်ဆင်ဖော်ပြပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ကဏ္ဍတစ်ခုချင်းစီတိုင်းအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန်၊ အသေးစားနှင့်အငယ်စား စီးပွားရေးလုပ်ငန်းများမှ အခွန်ထမ်းပြည်သူများ၏ အခွန်ပေးဆောင်ခြင်းလုပ်ငန်းစဉ်နှင့် ဝင်ငွေကြေညာလွှာပုံစံအား အရိုးရှင်းဆုံးဖြစ်စေရန် ယခုပြင်ဆင်မည့်ဥပဒေက အထောက်အပံ့ဖြစ်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြပါရှိသည်။

အခွန်ထမ်းပြည်သူများအနေဖြင့် ၎င်းတို့ပေးဆောင်ရမည့်အခွန်အားသက်ဆိုင်ရာ အခွန်ရုံးတွင်သာမက မည်သည့်အခွန်ရုံးတွင်မဆိုပေးဆောင်နိုင်ခြင်း၊ လူကိုယ်တိုင်ပေးဆောင်ခြင်း သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့်ပေးဆောင်ခြင်းနည်းလမ်းများအနက် နှစ်သက်ရာနည်းလမ်းအသုံးပြု၍ ရွေးချယ်ပေးဆောင်နိုင်ခြင်းတို့နှင့်ဆိုင်သည့် ပြင်ဆင်ချက်များ ပါဝင်မည်ဟု မျှော်လင့်ပါကြောင်း MBC မှ ပြောကြားခဲ့သည်။

အခွန်ရှောင်တိမ်းခြင်းအစား အခွန်ပေးဆောင်စေရန်တိုက်တွန်းနိုင်သည့် အခွန်မူဝါဒအသစ် လိုအပ်ကြောင်း Philippines Chamber of Commerce and Industry (PCCI) မှ အလေးထားပြောကြားခဲ့ပါသည်။ ထို့ပြင် အခွန်ပေးဆောင်မှုလွယ်ကူချောမွေ့စေရေးဥပဒေ (Ease of Paying Tax Bill- SB 2224) အား ပြင်ဆင်အတည်ပြုပေးခြင်းသည် အခွန်ထမ်းပြည်သူများအား အခွန်ရှောင်တိမ်းခြင်း လျှော့ချနိုင်မည်ဖြစ်ပြီး အခွန်ပေးဆောင်သည့်နည်းလမ်းများ ပိုမိုအဆင်ပြေပြီး ရိုးရှင်းသော နည်းလမ်းနှင့် အွန်လိုင်းစနစ်အား အသုံးပြုနိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

Source; https://www.philstar.com/business/2023/05/26/2268995/senators-urged-pass-ease-paying-taxes-bill

Source: စီးပွားရေးသံမှူး၊ မနီလာမြို့

Source: https://myantrade.gov.mm/article/Naypyitawstp_290520231100

## စင်ကာပူနိုင်ငံ ၂၀၂၇ ခုနှစ်တွင် ကော်ဖီရောင်းအား (၃ ဒသမ ၂) ရာခိုင်နှုန်း တိုးလာရန်မျှော်မှန်း

အာရှတွင်း နိုင်ငံများတွင် စင်ကာပူနိုင်ငံသည် ကော်ဖီသောက်သုံးမှု မြင့်တက်နေသကဲ့သို့ ယင်းနိုင်ငံထွက် ကော်ဖီများကို ပြည်ပနိုင်ငံများက ကြိုက်နှစ်သက်ကြသဖြင့် ကော်ဖီထုတ်လုပ်မှုသည်လည်း တွင်ကျယ်လျက်ရှိပြီး တင်ပို့ရောင်းချမှု မြင့်တက်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် စင်ကာပူနိုင်ငံ၏ ကော်ဖီရောင်းအားမှာ မြင့်တက်နေသကဲ့သို့ လာမည့်ငါးနှစ်အတွင်း၌လည်း ယခုထက်ပို၍ ဆက်လက် မြင့်တက်နေဦးမည်ဟု Global Data က ခန့်မှန်း ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှ လာမည့် ၂၀၂၇ ခုနှစ်ထိ (၅) နှစ်အတွင်းတွင် စင်ကာပူနိုင်ငံ၏ ကော်ဖီဈေးကွက် ရောင်းချမှုသည် (၃ ဒသမ ၂) ရာခိုင်နှုန်းထိ တိုးတက်လာရန် မျှော်လင့်ထားသည်ဟု ဆိုသည်။ စင်ကာပူနိုင်ငံတွင် ကိုပီ (Kopi) ၊ အနောက်တိုင်း

စတိုင် လတ်တေး (Lattes) တို့အပြင် Flat Whites နှင့် Cold Brew ကဲ့သို့သော ကော်ဖီများကိုလည်း ယခုနှစ်များအတွင်း ပိုမိုလူကြိုက်များလာကြကြောင်း သိရသည်။

ယမန်နှစ် ၂၀၂၂ ခုနှစ်၌ စင်ကာပူနိုင်ငံတွင် တစ်ဦးချင်း ကော်ဖီသောက်သုံးမှုမှာ (၁၂ ဒသမ ၇) လီတာဖြစ်ပြီး ကော်ဖီသည် စင်ကာပူနိုင်ငံသားများအတွက် အဓိကအရေးပါသည့် နေ့စဉ်လိုအပ်ချက်တစ်ခု ဖြစ်လာသည်။ ထို့ကြောင့် စင်ကာပူနိုင်ငံတွင် ပြည်တွင်း ကော်ဖီသောက်သုံးမှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသကဲ့သို့ ပြည်တွင်း၌သာမက အာရှတွင်းနိုင်ငံများရှိ ပြည်ပဈေးကွက်ကိုလည်း ချဲ့ထွင်လာနိုင်လျက်ရှိသည်။ Source: https://www.foodindustrydirectory.com.mm

Source: https://myantrade.gov.mm/article/naypyitaw_30052023_955

## ပေကျင်းမြို့တော်တွင်းရှိ စီးပွားရေးလုပ်ငန်းသစ်များသည် ရင်းနှီးမြှုပ်နှံမှု၊ တီထွင်ဆန်းသစ်မှုမူဝါဒဆိုင်ရာ အကျိုးကျေးဇူးများရရှိ

ယခင်နှစ်က ပေကျင်းမြို့တော်တွင်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ ၂ သောင်းနီးပါးကို ယွမ် ၁၆၁ ဘီလီယံ၊ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော် ကနဦးရင်းနှီးမြှုပ်နှံမှုအဖြစ် ကူညီနိုင်ခဲ့ကြောင်း၊ တီထွင်ဆန်းသစ်မှုဆောင်ရွက်သည့် လုပ်ငန်းများအတွက် ပေကျင်းမြို့တော်၏ သက်သာခွင့်ဆိုင်ရာမူဝါဒများက အထောက်အကူများစွာဖြစ်စေခဲ့ပြီး ရလဒ်ကောင်းများရရှိစေခဲ့ကြောင်း သိရှိရပါသည်။

မြို့တော်အစိုးရ၏အဆိုအရ၊ ပေကျင်းတွင် ယခင်ဆယ်စုနှစ်များစွာက အများပြည်သူစာရင်းဝင်အဖြစ် စာရင်းသွင်းခြင်းမပြုရသေးသော ၁ ဘီလီယံအထက်တန်ဖိုးရှိ တည်ထောင်စ Unicorn ကုမ္ပဏီ ၁၀၂ ခုကို ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်နိုင်ခဲ့ကြောင်းသိရှိရပါသည်။

ပေကျင်းမြို့တွင် Unicorn ကုမ္ပဏီသစ်များ အရေအတွက်မြင့်တက်လျက်ရှိပြီး ၎င်းတို့၏ထက်ဝက်ခန့်မှာ နည်းပညာဖွံ့ဖြိုးရေးကုမ္ပဏီများဖြစ်ကြောင်း သိရှိရပါသည်။

မကြာသေးမီနှစ်များက တည်ထောင်မှုသက်တမ်း ငါးနှစ်အောက် Unicorn ကုမ္ပဏီငယ်လေးများသည် မြို့တော်ပေကျင်းတွင် ပေါ်ပေါက်လာခဲ့ပြီး ၎င်းတို့ဆောင်ရွက်သည့် နယ်ပယ်များမှာ AI အကူအညီဖြင့် ဆေးဝါး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊ AI Chips၊ စက်မှုလုပ်ငန်းသုံး အင်တာနက်နှင့် လေယာဉ်/ အာကာသယာဉ် တည်ဆောက်ခြင်း" စသည်တို့ ဖြစ်ကြောင်းသိရှိရပါသည်။

စွမ်းအင်သိုလှောင်စနစ်နှင့် နည်းပညာဝန်ဆောင်မှုများပြုသည့် Beijing Hyper Strong Technology Co. သည် ပေကျင်း၏ Haidian ခရိုင်၊ တရုတ်နိုင်ငံ Silicon Valley ဟု လူသိများသည့် Zhonggyancun တွင် တည်ထောင်ထားသည့် Unicorn ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

အဆိုပါကုမ္ပဏီ၏ Chairman နှင့် General Manager မှ ၎င်းအနေဖြင့် အမေရိကန်နိုင်ငံမှ ၂၀၁၁ ခုနှစ်တွင် ပြန်လည်ရောက်ရှိလာပြီးနောက် Haidian ခရိုင်သည် ကုမ္ပဏီသစ်တည်ထောင်သူများအတွက် သက်သာခွင့် အခွင့်အရေးများစွာရှိသည့် စီးပွားရေးဝန်းကျင်ရှိသဖြင့် ၎င်း၏ကုမ္ပဏီကို အဆိုပါ ခရိုင်တွင်း တည်ထောင်ခဲ့ကြောင်း၊ ပြည်တွင်းအစိုးရအနေဖြင့် ကုမ္ပဏီများ၌ ဘဏ္ဍာရေး (သို့) လုပ်ငန်းတွေးခေါ်မှုပိုင်းဆိုင်ရာ အခက်အခဲများ ကြုံတွေ့ရသည့်အခါတိုင်း ပြဿနာများကို ထိရောက်စွာဖြေရှင်းပေးနိုင်ခြင်းကြောင့် လုပ်ငန်းရှင်များအတွက် စွန့်စား ဆောင်ရွက်လိုစိတ်များ ဖြစ်ပေါ်ခဲ့သည်ဟု ပြောကြား ခဲ့ကြောင်း သိရှိရသည်။

အဆိုပါကုမ္ပဏီသည် သုံးနှစ်အတွင်း လျင်မြန်စွာတိုးတက်အောင်မြင်မှုရရှိခဲ့ပြီး လုပ်ငန်းအပ်နှံသူများအတွက် လက်ရှိကျင့်သုံးလျက်ရှိသော ကာဗွန်လျှော့ချရေးအခြေခံသဘောတရားများအရ ၎င်းတို့၏ စွမ်းအင်သိုလှောင်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝစေသည့် အသွင်ကူးပြောင်းမှုများ ပြုလုပ်နိုင်ရေး ကူညီပေးနိုင်ခဲ့သောကြောင့် ပြည်တွင်းပြည်ပ ဈေးကွက်နှစ်ခုလုံးတွင် အခွင့်အလမ်းများစွာရရှိခဲ့ကြောင်း သိရှိရပါသည်။

Human Research Institute ၏ Global Unicorn Index 2023 အရ ၂၀၁၂ ခုနှစ်က စတင် တည်ထောင်ခဲ့သည့် ပေကျင်းအခြေစိုက် ByteDance ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၂၀၀ ဘီလီယံ တန်ဖိုးရှိသည့် ကမ္ဘာ့တန်ဖိုး အမြင့်ဆုံး Unicorn အဖြစ်ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။

အခြား Top 10 ဝင်သည့် တရုတ်ကုမ္ပဏီလေးခုမှာ Ant Group, Shein, WeBank and Cainiao ကုမ္ပဏီတို့ဖြစ်ပြီး တတိယ၊ စတုတ္ထ၊ ဆဋ္ဌမနှင့် ဒသမတို့ အသီးသီးရရှိခဲ့ကြောင်း သိရှိရပါသည်။ ပေကျင်းမြို့သည် ယခုအခါ

Unicorn ကုမ္ပဏီ ၇၉ ခုရှိပြီး ကမ္ဘာတစ်ဝှမ်းလုံးရှိမြို့များ၌ ဆန်ဖရန်စစ္စကိုနှင့် နယူးယောက်မြို့များနောက် တတိယအဆင့်တွင် ရပ်တည်လျက်ရှိကာ ရှန်ဟိုင်းမြို့မှာ စတုတ္ထအဆင့်တွင် Unicorn ကုမ္ပဏီ ၆၆ ခုနှင့် ရပ်တည်လျက်ရှိကြောင်း သိရှိရသည်။Source: Investment, innovative policies benefiting startups in capital - Chinadaily.com.cn
, Source: စီးပွားရေးသံမှူး၊ ပေကျင်းမြို့

Source: https://myantrade.gov.mm/article/Naypyitawstp_310520231207

## ဘင်္ဂလားဒေ့ရှ်၏ ကြက်သွန်နီတင်သွင်းခွင့်နှင့် ကျဆင်းသွားသော ကြက်သွန်နီဈေး

ဘင်္ဂလားဒေ့ရှ်အစိုးရက ကြက်သွန်နီ တန်ချိန် ၂၈၀,၈၀၀ တင်သွင်းရန် ခွင့်ပြုထားကြောင်း စိုက်ပျိုးရေး ဝန်ကြီးဌာနက ၂၀၂၃ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းခဲ့ ပါသည်။ ပုံမှန်မဟုတ်သော ကြက်သွန်နီဈေးနှုန်း မြင့်တက်မှုကြောင့် ဈေးကွက်အတွင်း ထိခိုက်မှုများမရှိစေရန် ယင်းကဲ့သို့ တင်သွင်းရန် ခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။

အိန္ဒိယမှ ဘင်္ဂလားဒေ့ရှ်သို့ ကြက်သွန်နီ တင်သွင်းရန်ခွင့်ပြုကြောင်း ကြေညာအပြီးတွင် ကြက်သွန်နီဈေးနှုန်းသည် တစ်ကီလိုလျှင် ၇၅ တာကာသို့ ကျဆင်းခဲ့ပါသည်။ ၉၀ မှ ၉၅ တာကာအတွင်း ရောင်းချသော ကြက်သွန်နီ များကို လက်ကားဈေးများတွင် တစ်ကီလိုလျှင် ၇၅ တာကာဖြင့် ရောင်းချလျက်ရှိသော်လည်း ဝယ်လိုအား ကျဆင်းလျက်ရှိပါသည်။

ကြက်သွန်နီကို လက်လီကုန်သည်များက အဓိကဝယ်ယူကြခြင်းဖြစ်သော်လည်း ဈေးနှုန်းကျဆင်းမည်ကို စိုးရိမ်သောကြောင့် ဝယ်ယူမှုနည်းပါးလျက်ရှိပြီး လက်ကားဈေးကွက်များတွင်လည်း ဝယ်ယူသူမရှိသည့် အခြေ အနေဖြစ်သည်။

Source: https://myantrade.gov.mm/article/naypyitaw_09062023_1120

## ဈေးကွက်ဝယ်လိုအားမြင့်တက်မှုကြောင့် ကြက်သွန်နီဈေးမြင့်တက်

ယခင်နှစ်ကထက် ကြက်သွန်နီစိုက်ပျိုးမှုဧရိယာနည်းပါးလာသကဲ့သို့ ထုတ်လုပ်မှုမှာလည်းကျဆင်းခဲ့ပါသည်။ ကြက်သွန်ဈေးနှုန်းမှာလည်း ဆက်လက်မြင့်တက်လျက်ရှိပါသည်။

ဈေးနှုန်းမြင့်တက်မှုကြောင့် အဝါရောင်ကြက်သွန်နီ စိုက်ပျိုးမှုဧရိယာ သိသိသာသာ တိုးလာပြီး စုစုပေါင်း အထွက်နှုန်းမှာလည်း တိုးတက်လာခဲ့ပါသည်။ ထုတ်လုပ်မှုပိုလျှံသောကြောင့် ဈေးနှုန်းအနည်းငယ်သာ ရရှိပါသည်။

ကြက်သွန်နီသည် ရာသီပေါ်သီးနှံဖြစ်ပြီး မျိုးကွဲများစွာရှိ၍ နေရာတော်တော်များများတွင်စိုက်ပျိုးနိုင်သည်။ အကောင်းဆုံး အဝါရောင်ကြက်သွန်နီသည် Gansu ပြည်နယ်မှဖြစ်ပြီး ဩဂုတ်လတွင် ရိတ်သိမ်းနိုင်ပါသည်။ အကောင်းဆုံး အနီရောင် ကြက်သွန်နီသည် Erhong ပြည်နယ်မှဖြစ်ပြီး အဝါရောင်ကြက်သွန်နီရိတ်သိမ်းပြီးမကြာခင် ရက်မခြားဘဲ ရိတ်သိမ်းနိုင်ပါသည်။ မကြာမီအချိန်အတွင်း ကြက်သွန်နီ ရိတ်သိမ်းတော့မည်ဖြစ်သည်။ လက်ရှိအချိန်တွင် တရုတ်ကြက်သွန်နီ အဝါရောင်သည် ကမ္ဘာပေါ်တွင်ဈေးအနိမ့်ဆုံးဖြစ်ပါသည်။ သို့သော်လည်း အရွယ်အစားအနေဖြင့် ကြီးလွန်းလှသည်။ အရှေ့တောင်အာရှနှင့် ဥရောပ ဈေးကွက်တို့တွင် ၅ စင်တီမီတာ – ၇ စင်တီမီတာ နှင့် ၆ စင်တီမီတာ – ၈ စင်တီမီတာ အရွယ်အစားရှိကြက်သွန်နီများကို ရွေးချယ်ဝယ်ယူလေ့ရှိကြပြီး၊ ၉ စင်တီမီတာနှင့်အထက် ကြက်သွန်နီများကို ပြည်တွင်းဈေးကွက်တွင်သာ ရောင်းချနိုင်သည်။

နိုင်ငံတကာ စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အဝါရောင်ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုသည် ကျဆင်းခဲ့ပြီး ဈေးကွက်ဝယ်လိုအား မြင့်တက်လျက်ရှိသည်။ အိန္ဒိယကြက်သွန်နီနှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံအနေဖြင့် အမြတ်စွန်းများစွာ မရရှိသည်ကိုတွေ့ရှိရသည်။ အိန္ဒိယရှိ အနီရောင်ကြက်သွန်နီဈေးသည် တရုတ်ထက် များစွာနည်းပါးသော်လည်း အိန္ဒိယတွင် အနီရောင်ကြက်သွန်နီ အလုံးကြီးများမရှိသည့်အတွက် တရုတ်ကြက်သွန်နီကြီးများမှာ ဈေးကွက်ဝယ်လိုအား မြင့်တက်ဆဲဖြစ်သည်။

Shandong နှင့် Hebei တို့တွင် စိုက်ဧရိယာများပြားစွာ စိုက်ပျိုးသော ကြက်သွန်နီများ၏ဈေးသည် မကြာသေးမီက သိသိသာသာကျဆင်းသွားခဲ့ပြီး တစ်ချိန်တည်းမှာပင် ကြက်သွန်ဖြူဈေးလည်းမြင့်တက်လာခဲ့ပါသည်။ ကြက်သွန်နီဈေးကွက်အတွင်းသို့ ကြက်သွန်ဖြူ သိုလှောင်သောကုမ္ပဏီအချို့ ဝင်ရောက်လာခဲ့ပြီး ကြက်သွန်နီဈေးမြင့်တက်စေသည့် တွန်းအားတစ်ရပ်ဖြစ်လာသည်။ Qingdao ဆိပ်ကမ်းမှ FOB ဖြင့် သယ်ဆောင်လာသော အဝါရောင်ကြက်သွန်နီဈေးနှုန်းမှာ တစ်တန် အမေရိကန်ဒေါ်လာ ၃၁၀ ဝန်းကျင်ဖြစ်သည်။ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့အပြင် အရှေ့အလယ်ပိုင်းဈေးကွက်တို့တွင် အနီရောင်တရုတ်ကြက်သွန်နီများ စတင်ဝယ်ယူလာသည်ကို တွေ့ရှိရသည်။ တောင်အမေရိက ဈေးကွက်အချို့တွင်လည်း ဝယ်လိုအား များရှိနေပြီး နီကာရာဂွါနှင့် ကိုလံဘီယာတို့တွင်လည်း စတင်ရောင်းချနေပြီဖြစ်သည်။

Source: https://myantrade.gov.mm/article/naypyitaw_09062023_1115

## ပါကစ္စတန်နိုင်ငံ၊ ဆင်းပြည်နယ်မှ သရက်သီးများ တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ရေး

တရုတ်နိုင်ငံသည် နိုင်ငံခြားငွေ အမြောက်အမြားရရှိနိုင်မည့် သရက်သီးအမျိုးအစားအမျိုးမျိုး တင်ပို့နိုင်သည့် ပါကစ္စတန်နိုင်ငံ၏ ဈေးကွက်တစ်ခုဖြစ်လာနိုင်သည်။ မကြာသေးမီက တရုတ်နိုင်ငံမှ သွင်းကုန်လုပ်ငန်းရှင်များပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် တန်ဒိုဂျမ် (Tandojam) မြို့ရှိ ဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ သွားရောက်ခဲ့ပြီး သရက်သီးမျိုးများကို လေ့လာခဲ့ကြသည်။ ဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် ပို့ကုန်အရည်အသွေးမီ တန်ဖိုးမြှင့်သရက်သီးထုတ်ကုန်များ ပြုပြင်ထုတ်လုပ်ခြင်းများကို သုတေသနပြုဆောင်ရွက် လျက်ရှိသည်။

ကနဦးအစီအစဉ်အနေဖြင့် တရုတ်ရင်းနှီးမြှုပ်နှံသူများသည် ဆင်းပြည်နယ်နှင့် ပန်ဂျပ်ပြည်နယ်မှ သရက်သီး တန်ချိန် ၆,၀၀၀ ကို ပြုပြင်ထုတ်လုပ်ရန်အတွက် တင်သွင်းရန် စီစဉ်ထားသည်။ တရုတ်ရင်းနှီးမြှုပ်နှံသူများသည် မေလမှ စက်တင်ဘာလအတွင်း သီးသည့် အသားထူသော သရက်သီးများကို ဝယ်ယူလိုကြသည်။ **Source:** **nation.com.pk**

Source: https://myantrade.gov.mm/article/naypyitaw_09062023_1110

## ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုမူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က လေ့လာ ဆန်းစစ်လျက်ရှိခြင်း

ဂျီနီဗာမြို့တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများက ဥရောပသမဂ္ဂ၏ ၁၅ ကြိမ်မြောက် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းကို စတင်ပြုလုပ်လျက်ရှိပါသည်။ အဆိုပါကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းတွင် ၂၀၁၉ ခုနှစ်ကုန်မှ ၂၀၂၂ ခုနှစ်ကုန်အထိ ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုမူဝါဒနှင့် လုပ်ငန်းစဉ်များကို ဆန်းစစ်ခဲ့ပါသည်။

ထိုသို့လေ့လာဆန်းစစ်မှုပြုလုပ်ခြင်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး (WTO)၏ စောင့်ကြည့်ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိစေ ရေးလုပ်ငန်းစဉ်များတွင် အဓိကလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

အဆိုပါ ၁၅ ကြိမ်မြောက် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း၌ ဥရောပသမဂ္ဂ ကုန်သွယ်ရေးဌာန အကြီးအကဲဖြစ်သူ Ms. Sabine Weyand က မိန့်ခွန်းပြောကြားခဲ့ရာတွင် ပြင်းထန်သော ပြင်ပသက်ရောက်မှုများ၊ ကုန်သွယ်ရေးတင်းမာမှုများနှင့် မရေရာမသေချာမှုများအကြားတွင် ဥရောပသမဂ္ဂ၏ ပွင့်လင်းမှုနှင့် နိုင်ငံစုံမူဝါဒအတွက် ခိုင်မာသောကတိကဝတ်ထားရှိမှုကို ထင်ရှားစွာဖော်ပြခဲ့သည်။ ထို့ပြင် ဥရောပသမဂ္ဂ၏ အစိမ်းရောင်သဘောတူညီချက် (Green Deal) နှင့် ရာသီဥတုဆိုင်ရာမူဝါဒတို့မှတစ်ဆင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျပ်အတည်းများကို ခွဲခြားမှုမရှိဘဲ ပွင့်လင်းမြင်သာစွာ တုံ့ပြန်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး၊ ၎င်း၏ ကာဗွန်ထုတ်လုပ်မှုညှိကွပ်ပေးသည့် ယန္တရား (Carbon Border Adjustment Mechanism - CBAM) သို့မဟုတ် သစ်တောပြုန်းတီးမှုဥပဒေကဲ့သို့သော ဆောင်ရွက်နေမှုများအပေါ် ကုန်သွယ်ဖက်နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးရန် ဥရောပသမဂ္ဂက ဆန္ဒရှိပါ ကြောင်းဖြင့် အလေးအနက်ထား ပြောကြားခဲ့သည်။

WTO အဖွဲ့ဝင်နိုင်ငံများက WTO ၏ ဥပဒေပြုပြင်ပြောင်းလဲခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်း၊ အငြင်းပွားမှု ဖြေရှင်းခြင်းနှင့် လုပ်ငန်း ဆောင်ရွက်မှုများကို စောင့်ကြည့်ခြင်းများတွင် ဥရောပသမဂ္ဂ၏ ကူညီပံ့ပိုး ပေးမှုများကို ချီးကျူးပြောကြားခဲ့သည်။

WTO တွင် ဥရောပသမဂ္ဂ၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းကို ဇွန်လ ၇ ရက်နေ့အထိ ပြုလုပ်ခဲ့ပြီး၊ ၎င်းတွင် WTO Secretariat ၏ အစီရင်ခံစာအပေါ် အခြေခံသည့် သုံးသပ်ချက် (Written Review Process) ၊ ဥရောပသမဂ္ဂ၏ အစီရင်ခံစာနှင့် စိုက်ပျိုးရေး၊ အစိမ်းရောင်ပြုပြင်ပြောင်းလဲမှု၊ ကျားမတန်းတူညီမျှရေး၊ ဒီဂျစ်တယ်ဆိုင်ရာပြဿနာများနှင့် ကုန်သွယ်မှုမူဝါဒ စသည်တို့အပေါ်တွင် WTO အဖွဲ့ဝင်နိုင်ငံများက မေးမြန်းထားသည့် မေးခွန်း ၁၆၀၀ အပေါ် ဥရောပသမဂ္ဂ၏ ဖြေကြားချက်များကို ဆွေးနွေးခဲ့ကြသည်။

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲခဲ့သည့် ၂၀၁၆ ခုနှစ်မှစ၍ ကုန်သွယ်မှုပမာဏအရ အကြီးဆုံး ဖြစ်သည့် အဖွဲ့ဝင် (၄) နိုင်ငံ (ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဂျပန်နှင့် တရုတ်နိုင်ငံ) တို့သည် သုံးနှစ်လျှင်တစ်ကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းကို ဆောင်ရွက်ကြရမည် ဖြစ်သည်။

Source: WTO report on the 15th EU Trade Policy Review.

Source: https://myantrade.gov.mm/article/naypyitaw_09062023_11:05

# ပြည်တွင်းကုန်သွယ်မှုသတင်း

## သံနှင့်သံမဏိလုပ်ငန်းများ ဒေါ်လာအစား ယွမ်ငွေပြောင်းသုံးပါက လိုင်စင်ဦးစားပေးချထားမည်

ပြည်တွင်းသို့ သံနှင့် သံမဏိ တင်သွင်းခြင်းကို ဒေါ်လာအစား ယွမ်ငွေ ပြောင်းလဲသုံးစွဲပါက လိုင်စင်ချထားပေးမှုကို ဦးစားပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းက အသိပေးထုတ်ပြန်ထားသည်။ ယခင်က သံနှင့်သံမဏိ

တင်သွင်း၊ တင်ပို့ရာတွင် ဒေါ်လာတစ်မျိုးတည်းကိုသာသုံးစွဲခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ဒေါ်လာ အစား တရုတ်ယွမ်ငွေကိုပါ သုံးစွဲရန် ကုန်သွယ်ရေးဦးစီးဌာနမှ မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းထံသို့ အကြောင်း ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ယခင်က သံနှင့် သံမဏိ လိုင်စင် ချထားပေးရာတွင် ဒေါ်လာကိုသာ သုံးစွဲခဲ့ကြသော်လည်း လက်ရှိတွင် ကုမ္ပဏီများအနေဖြင့် လက်ရှိ လိုင်စင်တင်ထားသည့် ဒေါ်လာပမာဏနှင့် ညီမျှသည့် ယွမ်ငွေကို ပြောင်းလဲပြင်ဆင်ပြီး လိုင်စင်တင်နိုင်ကြောင်း မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်းမှ ထုတ်ပြန်ထားသည်။ မြန်မာနိုင်ငံအတွက် သံနှင့် သံမဏိလိုအပ်ချက်၏ (၈၂) ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းနေရပြီး နှစ်စဉ် သံ ၊ သံမဏိ အပါအဝင် ဆက်စပ်ပစ္စည်း တန်ချိန် (၃) သန်းခန့် တင်သွင်းလျက်ရှိရာမှ လာမည့် ၂၀၃၀ ခုနှစ်မှစတင်ကာ သံမဏိလိုအပ်ချက်မှာ တစ်နှစ်လျှင် တန်ချိန် (၅ ဒသမ ၄) သန်းခန့်အထိ တိုးတက်လာဖွယ်ရှိကြောင်း မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း (MISA) ထံမှ သိရသည်။ Source: Popular News Journal

Source: https://myantrade.gov.mm/article/naypyitaw_31052023_1016

## သီလဝါအထူးစီးပွားရေးဇုန်အတွင်း နေရောင်ခြည်စွမ်းအင်ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိ

သီလဝါအထူးစီးပွားရေးဇုန်အတွင်း နေရောင်ခြည်စွမ်းအင်ကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်၍ အကောင်အထည်ဖော်လျက်ရှိကြောင်း Myanmar Thilawa SEZ Holdings Public Co.,Ltd–MTSH မှ သိရသည်။

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်(Renewable Energy) တစ်ခုဖြစ်သော နေရောင်ခြည်စွမ်းအင်သုံး Solar Energy ကို အသုံးပြု၍ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း Myanmar Thilawa SEZ Holdings Public Co.,Ltd–MTSH ၏၂၀၂၁-၂၀၂၂၊ ၂၀၂၂- ၂၀၂၃ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

MTSH သည် ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာရောင်းဝယ်မှုအများဆုံးအဖြစ် ပြီးခဲ့သည့် ဘဏ္ဍာနှစ် နှစ်နှစ်တွင်လည်း ဆက်လက်ရပ်တည်ခဲ့ကြောင်း၊ MTSH ၏ အစုရှယ်ယာများသည် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်များအတွင်း YSX တွင် အရောင်းအဝယ်ဖြစ်သည့် စုစုပေါင်းအစုရှယ်ယာ အရေအတွက်များ၏ ၆၄၅ ရာခိုင်နှုန်းနှင့် ၅၉ ရာခိုင်နှုန်း အသီးသီးရှိခဲ့ကြောင်း MTSH ၏ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။ “ရောင်းဝယ်မှုတန်ဖိုး အရဆိုရင်လည်း YSX မှာ စုစုပေါင်းရှယ်ယာရောင်းဝယ်မှုတန်ဖိုးရဲ့ ၄၁ ရာခိုင်နှုန်းဟာ MTSH ရဲ့အစုရှယ်ယာတွေဖြစ်ပါတယ်”ဟု ဥက္ကဋ္ဌ ဦးဝင်းအောင်က ဆိုသည်။

အဆိုပါအချက်သည် ကုမ္ပဏီအပေါ် အများပြည်သူ၏ယုံကြည်မှုနှင့်စိတ်ဝင်စားမှုမှာ သံသယဖြစ်ဖွယ်မရှိ ခိုင်မာနေဆဲဖြစ်ကြောင်း သိသာထင်ရှားနေကြောင်း၊ MTSH ၏အစုရှယ်ယာများသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ် နှစ်နှစ်ဖြစ်သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်များအတွင်း ရောင်းဝယ်မှုပမာဏမှာ ကျပ် ၈၂၇ သန်းနှင့် ကျပ် ၂၃၃၃ သန်းရှိပြီး YSX တွင် အစုရှယ်ယာရောင်းဝယ်မှုအရေအတွက်နှင့် တန်ဖိုးတို့တွင် အမြင့်ဆုံးဖြစ်ကြောင်းဖော်ပြထားသည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံလိုသူများမှ မြေယာများနှင့် စက်ရုံငှားရမ်းခြင်းနှင့် ဆိုင်သော စုံစမ်းမေးမြန်းမှုများ ပြန်လည်စတင်၍ လက်ခံရရှိနေပြီဖြစ်ကြောင်း မြန်မာ-ဂျပန်သီလဝါဒီဗလေ့မင့်လီမိတက် (MJTD)မှ သိရသည်။

မြန်မာ-ဂျပန်သီလဝါဒီဗလေ့မင့်လီမိတက်(MJTD)သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၂ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အထိကာလအတွက် အသားတင်အမြတ်ငွေ ဒေါ်လာ ၂ ဒသမ ၉၅ သန်း ရရှိခဲ့သည်။ အမြတ် လက်ကျန် ဒေါ်လာ ၅၅ ဒသမ ၄၄ သန်းနှင့် ငွေနှင့် ငွေသားညီမျှခြင်း လက်ကျန်အနေဖြင့် ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်တွင် ဒေါ်လာ ၄၃ ဒသမ ၃၆ သန်းပိုင်ဆိုင်ထားသည်။

သုံးနှစ်တာကာလမျှ ကြာမြင့်နေသော ကိုဗစ်ကပ်ရောဂါဖြစ်ပွားမှုနှင့် အခြားမတည်ငြိမ်သော အခြေအနေများသည် MJTD ၏ မြေယာရောင်းချမှုကဏ္ဍတွင် အသစ်ရောင်းချရခြင်းမျိုးမရှိခဲ့ဘဲ ပုံမှန်လည်ပတ်နေသည့်လုပ်ငန်းများနှင့် အခြားဝင်ငွေများမှသာ ဝင်ငွေရရှိခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်၏ တည်ငြိမ်သောပတ်ဝန်းကျင်နှင့် အရည်အသွေးမြင့်မားသော အခြေခံအဆောက်အဦများကြောင့် ရင်းနှီးမြှုပ်နှံလိုသူများက မြေယာများနှင့်စက်ရုံငှားရမ်းခြင်းနှင့်ဆိုင်သော စုံစမ်း မေးမြန်းမှုများ ပြန်လည်စတင်၍ လက်ခံရရှိနေပြီ ဖြစ်ကြောင်း၊ ဝင်ငွေအနေဖြင့်ပုံမှန် လည်ပတ်နေသည့် လုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ရေနှင့် လျှပ်စစ်မီး ဝန်ဆောင်မှုလုပ်ငန်းများမှသာရရှိကြောင်း သိရသည်။

သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုများပြားလာစေရန် ဈေးကွက်မြှင့်တင်ရေး အစီအစဉ်များ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီနှင့်အတူ ဆောင်ရွက်လျက်ရှိကြောင်း၊ ရလဒ်များအရ သီလဝါအထူးစီးပွားရေး ဇုန်၏ ဈေးကွက်မြှင့်တင်ရေးအစီအစဉ်များနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ဆဲဆောင်မှုရှိသည့် အခွင့်အရေး၊ အခွန်အခ နှုန်းထားများကြောင့် ရင်းနှီးမြှုပ်နှံလိုသူများ၏ စိတ်ဝင်စားမှုမှာ သိသိသာသာ တိုးတက်လာခဲ့ကြောင်း သို့သော်လည်း ကမ္ဘာ့စီးပွားရေး တုံ့နှေးနေခြင်းနှင့် ငွေကြေးဖောင်းပွမှုမြင့်မားလာခြင်း တို့ကြောင့် လာမည့်ကာလအတွင်း ပမာဏများပြားသည့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို မျှော်မှန်း၍ မရသေးကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Source: https://news-eleven.com/article/248968

# ပြည်ပကုန်သွယ်မှုသတင်း

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၁၀၀ ကျော် တင်ပို့ထား

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတစ်လတာကာလအတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၁၀၀ ကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅ သန်းရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှု ဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ ပြောကြားချက်အရ သိရသည်။ "၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလမှာ ထိုင်းနိုင်ငံကို ပျားရည်မက်ထရစ်တန် ၆၀ ဒသမ ၃ တန်တင်ပို့ပြီး ဂျပန်နိုင်ငံကို ပျားရည် မက်ထရစ်တန် ၄၀ ဒသမ ၁၁ တန် တင်ပို့ခဲ့ပါတယ်။ စုစုပေါင်း ပျားရည်မက်ထရစ်တန် ၁၀၀ ဒသမ ၄၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅သန်း ရရှိထားပါတယ်" ဟု ဦးမျိုးတင့်က ပြော သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဧပြီလတွင် ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန် တင်ပို့မှုမှ မက်ထရစ်တန် ၁၀၀ ဒသမ ၄၁ တန်တင်ပို့ရာ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅ သန်း ရရှိထားသည်။ ပြည်တွင်း၌ ပျားရည်ထုတ်လုပ်မှုအနေဖြင့် နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ် လျက်ရှိပြီး ဇွန်လတွင် နှမ်းပျားရည် စတင်ရရှိမည် ဖြစ်ကြောင်း၊ ပျားရည်များကို ပြည်တွင်း၌ဆေးဝါးအဖြစ် အသုံးပြုမှုများပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် နိုင်ငံခြားဝင်ငွေ ရရှိကြောင်း၊ ပျားရည်ကို ပြည်ပနိုင်ငံများဖြစ်သည့် တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်၊ တရုတ်(တိုင်ပေ)၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလေ့ရှိကြောင်း သိရသည်။

Source:https://www.myawady.net.mm,

Source:https://myantrade.gov.mm/article/naypyitaw_15052023_949

## ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့ရန် မြန်မာနှင့် ရုရှားဆွေးနွေး

ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမို တိုးချဲ့သွားရန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ရုရှားနိုင်ငံ၊ ဒူးမားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ Mr.Sholban Kara-Ool တို့ ဆွေးနွေးခဲ့ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်အနေဖြင့် ရုရှားဒူးမား လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ကို မေ ၂၉ ရက်က နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မာစေရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးချဲ့သွားရေးနှင့် ဒေသတွင်း နှင့် နိုင်ငံတကာအဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့အတူ ရုရှားနိုင်ငံ၊ ဒူးမားလွှတ်တော်၊ ဒုတိယဥက္ကဋ္ဌ Mr.Sholan Kara-Ool ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်နှင့်လည်း တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး၊ အကျိုးတူပူးပေါင်းဆောင်ရွက် မှုများ ပိုမိုတိုးမြှင့်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက် သွားရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ Source: https://news-eleven.com/article/248953

## ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် (၃) သိန်း (၆) သောင်းကျော်ထွက်ရှိခဲ့ပြီး တန်ချိန် (၂) သိန်းကျော်ပြည်ပ တင်ပို့နိုင်ခဲ့

ပြီးခဲ့သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရော်ဘာတန်ချိန် (၃) သိန်း (၆) သောင်းကျော်ထွက်ရှိခဲ့ပြီး ပြည်ပသို့ ရော်ဘာ တန်ချိန် (၂) သိန်းကျော် တင်ပို့ခဲ့ကြောင်း ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်က ပြောသည်။ "အခုဆိုရင် မုတ်သုံမိုးက လာပြီဖြစ်တဲ့အတွက် ရော်ဘာထုတ်လုပ်မှု ရပ်ဆိုင်းထားပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ရော်ဘာ ဈေးက တက်လိုက်ကျလိုက်ပဲ။ ရပ်ဆိုင်းထားတဲ့ ကာလအတွင်းမှာ ရော်ဘာစိုက်ပျိုးတာ၊ ခြံရှင်းတာ၊ အဆင့်မြှင့်တင်တာတွေလုပ်ပါ တယ်"ဟု ၎င်းကဆိုသည်။

တစ်နိုင်ငံလုံးတွင် ရော်ဘာစိုက်ဧက ဆယ့်ခြောက်သိန်းကျော်ရှိပြီး ဧကရှစ်သိန်းကျော်မှ တစ်နှစ်လျှင် တန်ချိန် သုံးသိန်း ကျော် ထုတ်လုပ်နေကြောင်းလည်းသိရသည်။ ပြည်တွင်း၌ ရော်ဘာကို တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ လက်ရှိ ရော်ဘာဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ကျပ် ၁၃၈၀ ပေါက်ဈေးရှိကြောင်း သိရသည်။

မြန်မာ့ရော်ဘာတင်ပို့မှုတွင် တရုတ်နိုင်ငံကို အဓိကတင်ပို့ပြီး တောင်ကိုရီးယား၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့ထားပြီး ရော်ဘာပြည်ပတင်ပို့ရာတွင် နယ်စပ်လမ်းကြောင်းအပြင် ပင်လယ် ရေကြောင်းကပါ တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ Source: Popular News Journal

https://myantrade.gov.mm/article/naypyitaw_30052023_948

# အထူးဆောင်းပါးများ

## တရုတ်-လာအို မီးရထားလမ်းကြောင့် ဒူးရင်းတစ်လုံးကို ယွမ် ၁၀၀ အောက်ဖြင့် ရရှိနိုင်

"အသီးအနှံများ၏ဘုရင်" ဒူးရင်းသည် တရုတ်နိုင်ငံ၏သစ်သီးဈေးကွက်နှင့် စားသုံးသူများကြားတွင် ရေပန်းစားသော်လည်း ၎င်း၏အားနည်းချက်မှာ ဈေးအလွန်ကြီးသည်။ သို့သော်လည်းမေလကုန်တွင် အပူပိုင်းဒေသ အသီးအနှံများ ရိတ်သိမ်းရာသီသို့ ရောက်ရှိလာသဖြင့် ဒူးရင်းသီး အမြောက်အမြား ဈေးကွက်တွင် တဖြည်းဖြည်း ပေါများလာပြီး ပထမရောင်းချချိန်နှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းများ ပိုမိုသက်သာလာပါသည်။

**ဒူးရင်းတစ်လုံးလျှင် ယွမ် ၁၀၀ အောက်ဖြင့် ရောင်းချခြင်း**

ဒူးရင်းသီးများကို ဧပြီလအစောပိုင်းတွင် တစ်ကီလိုလျှင် ယွမ် ၁၀၀ ခန့် ဈေးပေါက်ခဲ့သော်လည်း မေဒေး အားလပ်ရက်အပြီးတွင် သစ်သီးဆိုင်များနှင့် ဆူပါမတ်ကက်များ၌ တစ်ကီလိုလျှင် ယွမ် ၄၀ သို့ လျှော့ချရောင်းချ ခဲ့သည်။ ယခုအခါ ဒူးရင်းတစ်လုံးကို ယွမ် ၁၀၀ ဝန်းကျင်ဖြင့် ရရှိနိုင်ပြီဖြစ်သည်။ မေလမှ ဩဂုတ်လအထိ ဒူးရင်းသီးများ မှည့်ချိန်နှင့်ရောင်းချမှု အထွတ်အထိပ်ကာလဖြစ်သဖြင့် ဒူးရင်းသီးအမြောက်အမြား ဈေးကွက်ထဲသို့ ဝင်ရောက် လာကာ အရည်အသွေးမြင့်မားပြီး ဈေးနှုန်းသက်သာသည့် အခြေအနေတွင် ဆက်လက်ရှိနေဦးမည်ဟု မျှော်လင့်ရသည်။

**တရုတ်-လာအို မီးရထားဖြင့် ထိုင်းဒူးရင်းတင်ပို့မှု အမြင့်မားဆုံးသို့ ရောက်ရှိ**

ယခုနှစ်တွင် ဒူးရင်းများ ဘာကြောင့် ဈေးပေါတာလဲဟု မေးခွန်းထုတ်စရာ ဖြစ်နေပါသည်။ ထိုင်းနိုင်ငံကို လေ့လာကြည့်မည် ဆိုပါက ထိုင်းနိုင်ငံသည် ဒူးရင်းအမျိုးပေါင်း ၂၀၀ ကျော်ရှိပြီး ကမ္ဘာပေါ်တွင် အလတ်ဆတ်ဆုံး ဒူးရင်းများကို တင်ပို့သည့် နိုင်ငံဖြစ်သလို တရုတ်နိုင်ငံသို့ တင်သွင်းခွင့် ပြုထားသည့် သစ်သီးမျိုးကွဲ အများဆုံးနိုင်ငံ လည်းဖြစ်သည်။ လက်ရှိအချိန်သည် ထိုင်းနိုင်ငံတွင် ဒူးရင်းခူးဆွတ်ရောင်းချမှု အမြင့်ဆုံးရာသီဖြစ်ပြီး ထိုင်းဒူးရင်း အများစုကို တရုတ် နိုင်ငံတွင် ရောင်းချလျက်ရှိသည်။

ထိုင်းဒူးရင်းတင်ပို့သူများ၏ ပြောကြားချက်အရ ယခုနှစ်အတွင်း တရုတ်-လာအို မီးရထားလမ်းဖြင့် ထိုင်း ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ချိန်မှစပြီး တရုတ်နိုင်ငံသို့ ဒူးရင်းသယ်ယူရမည့် ကြာမြင့်ချိန်သည် အလွန်နည်းပါးသွားကြောင်း သိရှိရသည်။ ရေကြောင်းလမ်းဖြင့် ၇ ရက်ခန့် သွားလာရပြီး ကုန်းလမ်းဖြင့် ၅ ရက်ခန့် ကြာမြင့်ခဲ့သော်လည်း ယခုအခါ တရုတ်-လာအို မီးရထားမှ ဒူးရင်းများကို ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံ ကူမင်းသို့ ၃ ရက် အတွင်း ပို့ဆောင်နိုင်ပြီဖြစ်သည်။ ထိုင်းမီဒီယာများ၏ ဖော်ပြချက်အရ ထိုင်းနိုင်ငံမြေပုံတစ်ဖက်မှ တရုတ်နိုင်ငံ

ကွမ်ကျိုးသို့ ဒူးရင်းရထားသည် ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ သစ်သီးများ သယ်ယူရာတွင် အလျင်မြန်ဆုံး စံချိန်ကို ချိုးဖျက်နိုင်ခဲ့ပြီး သယ်ယူပို့ဆောင်ရေးကာလအတွင်း ပျက်စီးနိုင်ခြေလည်း သိသိသာသာ လျော့ကျသွားခဲ့သည်။

ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ တရုတ်နိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ စုစုပေါင်းဒူးရင်း တင်ပို့မှု၏ ၉၆ ရာခိုင်နှုန်းကျော်ရှိသည်။ တရုတ်-လာအို မီးရထား၏ အကူအညီဖြင့် ယခုနှစ် ၂၀၂၃ ခုနှစ်တွင် ထိုင်းဒူးရင်းတင်ပို့မှုမှာ အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိမည်ဟု မျှော်လင့်ရသည်။

**တရုတ်-လာအို သစ်သီးရထားများမှ သစ်သီးတန်ချိန် ၁၀၀၀၀ ကျော် တင်သွင်းနိုင်ခဲ့**

ဒူးရင်းသာမက မန်ကျည်း၊ လောင်ဂန်သီး၊ သရက်သီး စသည်တို့လည်း ရှိပါသည်။ အရှေ့တောင်အာရှတွင် အသီးအနှံများ ခူးဆွတ်သည့်ရာသီသို့ ရောက်ရှိလာသဖြင့် ထိုင်း၊ လာအို၊ ဗီယက်နမ်၊ စင်ကာပူစသည့် အရှေ့တောင်အာရှနိုင်ငံများမှ အပူပိုင်းသစ်သီးများသည် အထွတ် အထိပ်သို့ ရောက်ရှိနေကြပါသည်။ ရာသီပေါ် ဒူးရင်း၊ ပိန္နဲသီး၊ သရက်သီး၊ လောင်ဂန်သီး နှင့် စပျစ်သီးကဲ့သို့သော အပူပိုင်းဒေသသစ်သီး အမျိုးအပြားသည် ယခုနှစ် ဧပြီလမှ စတင်၍ ဈေးကွက်တွင် စတင်ရောင်းချလာကြသည်။ တရုတ်-လာအို မီးရထားလမ်းမှတစ်ဆင့် တရုတ် နိုင်ငံသို့ သစ်သီး ရထားများ နေ့စဉ်ပြေးဆွဲနေပြီး ကူမင်း၊ ချန်ဒူးနှင့် ကွမ်ကျိုးကဲ့သို့သော မြို့ကြီး များသို့ ဦးတည်လျက်ရှိသည်။ ယခုနှစ် မေဒေးအားလပ်ရက်များတွင် တရုတ်-လာအို မီးရထားသည် အပူပိုင်းသစ်သီးဝလံ တန်ချိန် ၁၁,၀၀၀ ကျော် တင်သွင်းခဲ့ပြီး တရုတ်နိုင်ငံ၏ "အသီးအနှံခြင်းတောင်း"ကို အလွန်ကြွယ်ဝစေသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှ တရုတ်-လာအို မီးရထားလမ်းကို တစ်နှစ်ပတ်လုံး စတင်လည်ပတ်ခဲ့ပြီး ယူနန်ပြည်နယ် မိုဟန်မီးရထားဘူတာကို သစ်သီးဝလံများ တင်သွင်းရန်အတွက် သတ်မှတ်ထားသော စစ်ဆေးရေးနယ်မြေအဖြစ် မိတ်ဆက်ခြင်းဖြင့် တရုတ်-လာအို မီးရထားလမ်းမှ အသီးအနှံအားလုံးကို ရထားဖြင့် တရားဝင် တင်သွင်းဆောင်ရွက်လာနိုင်သည်။

ထိုင်းနိုင်ငံမှ လတ်ဆတ်သောဒူးရင်းများကို သီးသန့် အအေးခန်းရထားတွဲများဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။ အရှေ့တောင်အာရှမှ အပူပိုင်းသစ်သီးများ တရုတ်-လာအို မီးရထားလမ်း ဖြင့် ရောက်ရှိလာ၍ နိုင်ငံတကာသို့ ကုန်စည်ပို့ဆောင်ရေး ရထားများမှတစ်ဆင့် အပူပိုင်းသစ်သီး များကို ဆက်လက်ပို့ဆောင်လျက်ရှိသည်။ ကူမင်းတွင် ဒူးရင်းသီး၊ သရက်သီး၊ လောင်ဂန်သီး၊ စပျစ်သီးနှင့် အခြား အရှေ့တောင်အာရှ ဒေသထွက်သစ်သီးဝလံများနှင့်အတူ တင်သွင်းသည့် အပူပိုင်းဒေသ သစ်သီးဝလံများ ယခုနှစ် ဇွန်လကုန်အထိ ဆက်လက် ရောက်ရှိလာမည် ဖြစ်သည်။

အအေးခန်းရထားတွဲများသည် လတ်ဆတ်သော အပူပိုင်းဒေသသစ်သီးများကို ထမင်းစားပွဲများဆီသို့ ယူဆောင်လာရန် ကူညီပေးလျက်သည်။ တိုတောင်းသော ထိန်းသိမ်းချိန်နှင့် တင်သွင်းသည့် အပူပိုင်းဒေသ သစ်သီးဝလံများ သယ်ယူပို့ဆောင်ရန်အတွက် မြင့်မားလာသော လိုအပ်ချက်များကြောင့် China Railway Kunming Group Co., Ltd. နှင့် Mohan မီးရထား ဘူတာတို့ ပူးပေါင်း၍ သစ်သီးရထားများ၏ လုပ်ငန်းဆောင်ရွက်မှု လွယ်ကူချောမွေ့ရန်အတွက် ကုန်သေတ္တာ (တင်/ချ)ကိုင်တွယ်မှုဆိုင်ရာ ၂၄ နာရီ မူဝါဒကို ချမှတ်ခဲ့သည်။ သစ်သီး ရထားများ ဆိုက်ရောက်ပြီး မိနစ် ၉၀ အတွင်း သစ်သီးများ တင်ဆောင်ခြင်းဆောင်ရွက်နိုင်ပြီး၊ တင်ဆောင်ပြီး မိနစ် ၉၀ အတွင်း ကုန်သေတ္တာအလွတ်များ ပြန်လည်ရရှိနိုင်စေရန် သစ်သီးရထားတွဲများ၏ လည်ပတ်မှုအား ထိရောက်မှု ရှိစေရန်အတွက် ဆောင်ရွက်ထားခြင်းဖြစ်ပါသည်။

**သုံးသပ်တင်ပြချက်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်ခရီးစဉ်အတွင်း လင်ချန်းမြို့မှ ချင်းရွှေဟော်-လားရှိုး ရထားလမ်း ဖောက်လုပ်ရန်နှင့် တဲဟုန်တိုင်ပြည်နယ်ခွဲ၊ ရွှေလီ-မူဆယ်- လားရှိုး ရထားလမ်း ဖောက်လုပ်ရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော် ပြီးစီးမည်ဆိုပါက ယူနန်-လာအို ရထားလမ်းကဲ့သို့ ယူနန်-မြန်မာ ရထားလမ်းဖြင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုသည်လည်း ယခုထက်ပိုမိုဖွံ့ဖြိုးလာပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ အရင်းအမြစ်။ https://ftztime.kunming.cn/c/2023-05-17/13703151.shtml

Source: စီးပွားရေးသံမှူး၊ ကူမင်းမြို့, Source: https://myantrade.gov.mm/article/Naypyitawstp_290520231125

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၃၊ မေလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| 1 | သဘာဝဓာတ်ငွေ့ | kg | 28,943,122.490 | 272.440 |
| 2 | ချုပ်ပြီးအထည် | ခုရေ | 43,848,842.873 | 269.839 |
| 3 | ပြောင်း | မတန် | 224,370.480 | 69.393 |
| 4 | မတ်ပဲ | မတန် | 43,165.668 | 36.399 |
| 5 | ပဲတီစိမ်း | မတန် | 69,657.211 | 45.281 |
| 6 | ဆန် | မတန် | 39,286.650 | 19.101 |
| 7 | ဆန်ကွဲ | မတန် | 52,915.900 | 20.589 |
| 8 | ပဲစင်းငုံ | မတန် | 14,912.000 | 12.549 |
| 9 | ရော်ဘာစိမ်း | မတန် | 16,551.570 | 20.411 |
| 10 | ငါး | မတန် | 8,877.646 | 11.738 |

| စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|
| 1 | ရေနံထွက်ပစ္စည်းများ | 514.915 |
| 2 | စက်နှင့်စက်ပစ္စည်းများ | 48.135 |
| 3 | ချည်ထည်များ | 115.532 |
| 4 | ဓာတုဗေဒပစ္စည်းများ | 29.110 |
| 5 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 84.903 |
| 6 | စားအုန်းဆီ | 42.493 |
| 7 | လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 34.378 |
| 8 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 49.748 |
| 9 | ဓာတ်မြေသြဇာများ | 31.994 |
| 10 | ဆေးဝါးပစ္စည်းများ | 50.636 |

Source: tradedata

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၆-၅-၂၀၂၃ )ထိ | ၂၀၂၂-၂၀၂၃ (၂၆-၅-၂၀၂၃ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 544.665 | 697.804 | -153.139 |
| ၂ | တိရစ္ဆာန်ထွက် | 1.187 | 4.825 | -3.638 |
| ၃ | ရေထွက် | 62.868 | 81.913 | -19.045 |
| ၄ | သတ္တုတွင်းထွက် | 41.117 | 80.292 | -39.175 |
| ၅ | သစ်တောထွက် | 12.263 | 24.147 | -11.884 |
| ၆ | စက်မှုကုန်ချော | 1199.078 | 1419.826 | -220.748 |
| ၇ | အခြား | 60.009 | 54.670 | 5.339 |
| | **စုစုပေါင်း** | **1921.187** | **2363.477** | **-442.290** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၆-၅-၂၀၂၃)ထိ | ၂၀၂၂-၂၀၂၃ (၂၆-၅-၂၀၂၃)ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 364.956 | 279.511 | 85.445 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 673.269 | 354.955 | 318.314 |
| ၃ | လူသုံးကုန်ပစ္စည်း | 182.745 | 231.435 | -48.690 |
| ၄ | CMP | 221.256 | 230.554 | -9.298 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **1442.226** | **1096.455** | **345.771** |

Source: commerce

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၂၃၊ မေလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၃၀.၅.၂၀၂၃) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | 65000–66000 | 90000–91000 |
| မြောင်းမြ | 65000–67000 | 90000–92000 |
| ဒေးဒရဲ | 65000–67000 | 88000–90000 |
| ဝါးခယ်မ | 65000–66000 | 89000–90000 |
| ဘိုကလေး | 60000–63000 | 88000–90000 |
| မော်လမြိုင်ကျွန်း | 65000–67000 | 86000–88500 |
| လပွတ္တာ | 65000–67000 | 86000–88000 |
| ကျိုက်လတ် | 63000–65000 | 85000–87000 |
| ဘုရင့်နောင် | 56000–57000 | 95000–105000 (ရွှေဘို) |

Source: MRF

## ၂၀၂၃၊ မေလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 2.5.2023 | 1225-1275 | 1175-1225 | 1125-1175 | 1075-1125 | 1025-1075 |
| 2 | 8.5.2023 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 | 1050-100 |
| 3 | 15.5.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 100-1150 |
| 4 | 22.5.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 100-1150 |
| 5 | 29.5.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 100-1150 |

Source: MRPPA

## ၂၀၂၃၊ မေလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ဧည့်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 57500 | 57000 | 56500 | 56000 | 55000 | 54000 |
| 2 | 4.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 57500 | 57000 | 56500 | 56000 | 55000 | 54000 |
| 3 | 5.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 57500 | 57000 | 56500 | 56000 | 55000 | 54000 |
| 4 | 8.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 58000 | 57500 | 57000 | 56000 | 55000 | 54000 |
| 5 | 9.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 58000 | 57500 | 57000 | 56000 | 55000 | 54000 |
| 6 | 10.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 58000 | 57500 | 57000 | 56000 | 55000 | 54000 |
| 7 | 11.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 58000 | 57500 | 57000 | 56000 | 55000 | 54000 |
| 8 | 12.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 58000 | 57500 | 57000 | 56000 | 55000 | 54000 |
| 9 | 15.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 58000 | 57500 | 57000 | 56000 | 55000 | 54000 |
| 10 | 16.5.2023 | 8500 | 83000 | 82000 | 75000 | 73500 | 72000 | 58000 | 57500 | 57000 | 56000 | 55000 | 54000 |
| 11 | 17.5.2023 | 86000 | 85000 | 84000 | 75000 | 74500 | 74000 | 58000 | 57500 | 57000 | 58000 | 57000 | 56000 |
| 12 | 18.5.2023 | 86000 | 85000 | 84000 | 75000 | 74500 | 74000 | 58000 | 57500 | 57000 | 58000 | 57000 | 56000 |
| 13 | 19.5.2023 | 86000 | 85000 | 84000 | 75000 | 74500 | 74000 | 58000 | 57500 | 57000 | 58000 | 57000 | 56000 |
| 14 | 22.5.2023 | 86000 | 85000 | 84000 | 75000 | 74500 | 74000 | 58000 | 57500 | 57000 | 58000 | 57000 | 56000 |
| 15 | 23.5.2023 | 86000 | 85000 | 84000 | 76500 | 76000 | 75000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 16 | 24.5.2023 | 86000 | 85000 | 84000 | 76500 | 76000 | 75000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 17 | 25.5.2026 | 86000 | 85000 | 84000 | 76500 | 76000 | 75000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 18 | 26.5.2023 | 86000 | 85000 | 84000 | 76500 | 76000 | 75000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 19 | 29.5.2023 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 20 | 30.5.2023 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |
| 21 | 31.5.2023 | 86000 | 85000 | 84000 | 77000 | 76500 | 76000 | 62000 | 61000 | 60000 | 58000 | 57000 | 56000 |

Source: Myanmar Rice

## ၂၀၂၃၊ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2023 | 2023 | (သစ်) | (ထိပ်စ) | | (သစ်) |
| 1 | 2.5.2023 | 2180000 | 2445000 | 1377900-1482000 | 2296500 | 2296500-2348500 | 2342400 |
| 2 | 4.5.2023 | 2171000 | 2435000 | 1377900-1482000 | 2345500 | 2296500-2348500 | 2342400 |
| 3 | 5.5.2023 | 2156000 | 2415000 | 1377900-1482000 | 2345500 | 2296500-2348500 | 2342400 |
| 4 | 8.5.2023 | 2169000 | 2455000 | 1377900-1482000 | 2345500 | 2314800-2370000 | 2342400 |
| 5 | 9.5.2023 | 2195000 | 2495000 | 1396200-1482000 | 2345500 | 2366900-2400600 | 2342400 |
| 6 | 10.5.2023 | 2195000 | 2495000 | 1408500-1482000 | 2345500 | 2314800-2370000 | 2342400 |
| 7 | 11.5.2023 | 2185000 | 2497500 | 1408500-1482000 | 2345500 | 2345500-2400600 | 2342400 |
| 8 | 12.5.2023 | 2190000 | 2492500 | 1408500-1482000 | 2345500 | 2345500-2400600 | 2342400 |
| 9 | 15.5.2023 | 2245000 | 2570000 | 1408500-1482000 | 2345500 | 2345500-2400600 | 2342400 |
| 10 | 16.5.2023 | 2236000 | 2580000 | 1408500-1482000 | 2345500 | 2345500-2449600 | 2342400 |
| 11 | 17.5.2023 | 2238000 | 2590000 | 1408500-1482000 | 2345500 | 2397500-2449600 | 2342400 |
| 12 | 18.5.2023 | 2241500 | 2590000 | 1448300-1482000 | 2345500 | 2449600-2501600 | 2342400 |
| 13 | 19.5.2023 | 2275000 | 2670000 | 1448300-1482000 | 2345500 | 2498600-2553700 | 2342400 |
| 14 | 22.5.2023 | 2275000 | 2687500 | 1448300-1482000 | 2345500 | 2498600-2553700 | 2342400 |
| 15 | 23.5.2023 | 2260000 | 2662500 | 1448300-1482000 | 2345500 | 2498600-2553700 | 2342400 |
| 16 | 24.5.2023 | 2236000 | 2635000 | 1448300-1482000 | 2345500 | 2498600-2553700 | 2342400 |
| 17 | 25.5.2026 | 2262500 | 2675000 | 1448300-1482000 | 2345500 | 2498600-2553700 | 2342400 |
| 18 | 26.5.2023 | 2277000 | 2730000 | 1448300-1482000 | 2345500 | 2498600-2553700 | 2342400 |
| 19 | 29.5.2023 | 2315000 | 2875000 | 1448300-1482000 | 2345500 | 2703700-2755800 | 2342400 |
| 20 | 30.5.2023 | 2327000 | 2900000 | 1478900-1531000 | 2345500 | 2703700-2755800 | 2342400 |
| 21 | 31.5.2023 | 2335000 | 2935000 | 1478900-1531000 | 2345500 | 2651600-2755800 | 2342400 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ မေလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျင်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 2.5.2023 | 2872100-2927200 | 1224800-1307500 | 1426900-1482000 | 1837200-1889200 | 734900-747100 |
| 2 | 4.5.2023 | 2872100-2927200 | 1224800-1307500 | 1426900-1482000 | 1837200-1889200 | 734900-747100 |
| 3 | 5.5.2023 | 2872100-2927200 | 1224800-1307500 | 1426900-1482000 | 1837200-1889200 | 734900-747100 |
| 4 | 8.5.2023 | 2872100-2927200 | 1243200-1307500 | 1448300-1512600 | 1837200-1889200 | 734900-747100 |
| 5 | 9.5.2023 | 2872100-2927200 | 1243200-1307500 | 1448300-1512600 | 1837200-1889200 | 734900-747100 |
| 6 | 10.5.2023 | 2872100-2927200 | 1243200-1307500 | 1448300-1512600 | 1837200-1889200 | 734900-747100 |
| 7 | 11.5.2023 | 2872100-2927200 | 1255400-1328900 | 1478900-1531000 | 1837200-1889200 | 734900-747100 |
| 8 | 12.5.2023 | 2872100-2927200 | 1255400-1328900 | 1478900-1531000 | 1837200-1889200 | 734900-747100 |
| 9 | 15.5.2023 | 2872100-2927200 | 1255400-1328900 | 1478900-1531000 | 1837200-1889200 | 741000-753200 |
| 10 | 16.5.2023 | 2872100-2927200 | 1255400-1328900 | 1478900-1531000 | 1837200-1889200 | 741000-753200 |
| 11 | 17.5.2023 | 2872100-2927200 | 1255400-1328900 | 1478900-1531000 | 1837200-1889200 | 741000-753200 |
| 12 | 18.5.2023 | 2872100-2927200 | 1304400-1328900 | 1478900-1531000 | 1837200-1889200 | 747100-759400 |
| 13 | 19.5.2023 | 2872100-2927200 | 1304400-1328900 | 1478900-1531000 | 1837200-1889200 | 747100-759400 |
| 14 | 22.5.2023 | 3086400-3144600 | 1304400-1328900 | 1478900-1583000 | 1837200-1889200 | 747100-759400 |
| 15 | 23.5.2023 | 3086400-3144600 | 1304400-1328900 | 1478900-1583000 | 1837200-1889200 | 747100-759400 |
| 16 | 24.5.2023 | 3086400-3144600 | 1304400-1328900 | 1509500-1583000 | 1837200-1889200 | 747100-759400 |
| 17 | 25.5.2026 | 3086400-3144600 | 1304400-1368700 | 1509500-1583000 | 1837200-1889200 | 741000-753200 |
| 18 | 26.5.2023 | 3086400-3144600 | 1304400-1368700 | 1509500-1583000 | 1837200-1889200 | 741000-753200 |
| 19 | 29.5.2023 | 3086400-3144600 | 1304400-1368700 | 1509500-1635100 | 1837200-1889200 | 741000-753200 |
| 20 | 30.5.2023 | 3086400-3144600 | 1304400-1368700 | 1509500-1635100 | 1837200-1889200 | 741000-753200 |
| 21 | 31.5.2023 | 3086400-3144600 | 1304400-1368700 | 1509500-1635100 | 1837200-1889200 | 741000-753200 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 2.5.2023 to 5.5.2023 | 8.5. .2023 to 12.5.2023 | 15.5.2023 to 19.5..2023 | 22.5.2023 to 26.5.2023 | 29.5.2023 To 31.5.2023 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022 -23crop) | FAQ | 900-920 | 900-920 | 920-940 | 920-940 | 940-960 |
| | SQ | 1000-1020 | 1000-1020 | 1020-1040 | 1020-1040 | 1040-1060 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 970-1020 | 970-1020 | 990-1040 | 990-1040 | 1010-1060 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1030-1080 | 1030-1080 | 1050-1100 | 1050-1100 | 1070-1120 |
| | အခွံပါ အခြမ်း | 915-965 | 915-965 | 935-985 | 935-985 | 955-1005 |
| ပဲတီစိမ်း (2022-23 Crop) | FAQ (အညာ) | 900-920 | 900-920 | 900-920 | 900-920 | 900-920 |
| | ရွှေဂါအကြီး (Size 3.5 mm &up) | 1020-1040 | 1020-1040 | 1020-1040 | 1020-1040 | 1020-1040 |
| | ရွှေဂါအကြီး (Size 3.25 mm &up) | 990-1010 | 990-1010 | 990-1010 | 990-1010 | 990-1010 |
| | ရွှေဂါအသေး (Under 3.5 mm) | 900-930 | 900-930 | 900-930 | 900-930 | 900-930 |
| ပဲတီစိမ်း (2022 -23 Crop) | FAQ ပဲနောက် | 600-630 | 600-630 | 635-665 | 655-685 | 655-685 |
| | SQ ပဲနောက် | 740-780 | 740-780 | 740-780 | 760-790 | 760-790 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 1070-1120 | 1070-1120 | 1070-1120 | 1070-1120 | 1070-1120 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 725-750 | 725-750 | 750-775 | 750-775 | 750-775 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 800-850 | 800-850 | 800-850 | 800-850 | 800-850 |
| ပဲစင်းငုံ (2022 -23 Crop) | အနီ | 980-1000 | 990-1010 | 1020-1040 | 1060-1080 | 1080-1100 |
| ပဲစင်းငုံ (2023 Crop) | အဖြူ(စစ်ကိုင်း) | 930-950 | 940-960 | 940-960 | 980-1000 | 980-1000 |
| | အခွံချွတ်အခြမ်း | 1310-1335 | 1310-1335 | 1340-1365 | 1385-1410 | 1400-1425 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 875-925 | 875-925 | 900-950 | 900-950 | 900-950 |
| | အခွံချွတ်အခြမ်း | 1200-1250 | 1200-1250 | 1225-1275 | 1225-1275 | 1225-1275 |
| ပဲလွန်းဖြူ | FAQ | 590-610 | 590-610 | 615-635 | 615-635 | 615-635 |
| | SQ | 625-665 | 625-665 | 650-675 | 650-675 | 650-675 |
| | အခွံချွတ်အခြမ်း | 820-870 | 820-870 | 820-870 | 820-870 | 820-870 |
| ပဲလွန်းနီ | FAQ | 835-885 | 835-885 | 835-885 | 835-885 | 835-885 |
| ပဲထောပတ် | FAQ | 1050-1080 | 1050-1080 | 1050-1080 | 1050-1080 | 1050-1080 |
| | အခွံချွတ်အခြမ်း | 1150-1180 | 1150-1180 | 1150-1180 | 1150-1180 | 1150-1180 |
| ပြောင်းဆံ | | 310-330 | 310-330 | 310-330 | 310-330 | 310-330 |
| နှမ်းဖြူ | | 1770-1820 | 1770-1820 | 1850-1900 | 1850-1900 | 1850-1900 |
| နှမ်းနက် (စမုံ) | | 1675-1725 | 1675-1725 | 1970-2020 | 1970-2020 | 1970-2020 |
| နှမ်းညို | | 1475-1525 | 1475-1525 | 1550-1600 | 1550-1600 | 1550-1600 |
| နှမ်းနက် (ရိုးရိုး) | | 1475-1525 | 1475-1525 | 1550-1600 | 1550-1600 | 1550-1600 |
| မြေထောက်ပဲ(အနီ) | | 1375-1400 | 1375-1400 | 1375-1400 | 1450-1475 | 1450-1475 |
| မြေထောက်ပဲ(အဖြူ) | | 1125-1150 | 1125-1150 | 1125-1150 | 1150-1175 | 1150-1175 |
| ပဲယင်း(ဂါ) | | 690-715 | 685-710 | 670-695 | 690-715 | 690-715 |
| ပဲယင်း(နီ) | | 950-1000 | 950-1000 | 950-1000 | 950-1000 | 950-1000 |
| Azuki ပဲတီစိမ်း(နီ) | | 1250-1280 | 1250-1280 | 1250-1280 | 1250-1280 | 1250-1280 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 3.5.2023 to 9.5.2023 | 10.5.2023 to 16.5.2023 | 17.5.2023 to 23.5.2023 | 24.5.2023 To 30.5.2023 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 495-505 | 495-505 | 515-510 | 505-510 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 485-495 | 485-495 | 495-505 | 495-505 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 480-485 | 480-485 | 485-495 | 485-495 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 470-475 | 470-475 | 475-485 | 475-485 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 465-470 | 465-470 | 470-475 | 470-475 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 480-490 | 480-490 | 485-490 | 485-490 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 470-480 | 470-480 | 480-485 | 480-485 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 465-470 | 465-470 | 470-480 | 470-480 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 450-460 | 450-460 | 460-465 | 460-465 |
| 10 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) (for Africa) | 450-460 | 450-460 | 450-460 | 450-460 |
| 11 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 520-530 | 520-530 |
| 12 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 510-520 | 510-520 |
| 13 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 490-500 | 490-500 | 500-510 | 500-510 |
| 14 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 485-490 | 485-490 | 490-500 | 490-500 |
| 15 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 510-520 | 510-520 |
| 16 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 490-500 | 490-500 | 500-510 | 500-510 |
| 17 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 480-490 | 480-490 | 490-500 | 490-500 |
| 18 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 475-480 | 475-480 | 480-490 | 480-490 |
| 19 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 520-530 | 520-530 |
| 20 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 510-520 | 510-520 |
| 21 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 490-500 | 490-500 | 500-510 | 500-510 |
| 22 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 480-490 | 480-490 | 490-500 | 490-500 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 515-525 | 515-525 | 525-535 | 525-535 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 510-515 | 510-515 | 515-520 | 515-520 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 510-520 | 510-520 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 490-500 | 490-500 | 500-510 | 500-510 |
| 27 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 550-560 | 550-560 | 550-560 | 550-560 |
| 28 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 540-550 | 540-550 |
| 29 | Myanmar Long Grain Parboiled Brown Rice 5% Broken | 460-470 | 460-470 | 460-470 | 460-470 |
| 30 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 540-550 | 540-550 | 540-550 | 540-550 |
| 31 | Myanmar Glutinous Rice 5% Broken | 650-700 | 650-700 | 650-700 | 650-700 |
| 32 | Myanmar Glutinous Rice 10 % Broken | 600-650 | 600-650 | 600-650 | 600-650 |
| 33 | Myanmar Glutinous Rice 15 % Broken | 590-600 | 590-600 | 590-600 | 590-600 |

**Source: MRF**

## ၂၀၂၃၊ မေလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 2.5.2023 | 75.77 | 79.40 | 254.99 | 2.30 | 237.83 |
| 2 | 4.5.2023 | 68.68 | 72.55 | 232.55 | 2.17 | 223.07 |
| 3 | 5.5.2023 | 69.01 | 72.99 | 233.71 | 2.08 | 224.71 |
| 4 | 8.5.2023 | 71.44 | 75.35 | 238.65 | 2.18 | 232.35 |
| 5 | 9.5.2023 | 72.90 | 76.71 | 245.00 | 2.23 | 237.11 |
| 6 | 10.5.2023 | 73.11 | 76.82 | 247.36 | 2.24 | 238.34 |
| 7 | 11.5.2023 | 73.06 | 76.93 | 250.43 | 2.18 | 240.57 |
| 8 | 12.5.2023 | 70.74 | 74.77 | 245.58 | 2.17 | 234.09 |
| 9 | 15.5.2023 | 69.56 | 73.62 | 240.45 | 2.28 | 228.30 |
| 10 | 16.5.2023 | 71.42 | 75.57 | 247.62 | 2.36 | 238.45 |
| 11 | 17.5.2023 | 70.90 | 74.99 | 249.56 | 2.35 | 236.21 |
| 12 | 18.5.2023 | 72.69 | 76.83 | 256.93 | 2.38 | 242.05 |
| 13 | 19.5.2023 | 72.30 | 76.40 | 259.32 | 2.60 | 241.60 |
| 14 | 22.5.2023 | 70.89 | 74.89 | 255.78 | 2.54 | 233.67 |
| 15 | 23.5.2023 | 71.99 | 76.27 | 267.21 | 2.39 | 237.62 |
| 16 | 24.5.2023 | 73.66 | 77.52 | 270.53 | 2.33 | 237.83 |
| 17 | 25.5.2026 | 74.21 | 78.33 | 271.39 | 2.40 | 241.12 |
| 18 | 26.5.2023 | 71.73 | 76.01 | 266.34 | 2.27 | 234.03 |
| 19 | 29.5.2023 | 73.31 | 77.26 | 270.90 | 2.43 | 238.51 |
| 20 | 30.5.2023 | 72.15 | 76.35 | 267.87 | 2.34 | 235.71 |
| 21 | 31.5.2023 | 69.29 | 73.35 | 260.38 | 2.30 | 228.08 |

Source: Bloomberg Commodities

## ၂၀၂၃၊ မေလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York |
|---|---|---|---|
| 1 | 2.5.2023 | 1985 | 1988 |
| 2 | 4.5.2023 | 2041 | 2045 |
| 3 | 5.5.2023 | 2048 | 2057 |
| 4 | 8.5.2023 | 2029 | 2032 |
| 5 | 9.5.2023 | 2028 | 2031 |
| 6 | 10.5.2023 | 2033 | 2038 |
| 7 | 11.5.2023 | 2035 | 2039 |
| 8 | 12.5.2023 | 2014 | 2017 |
| 9 | 15.5.2023 | 2017 | 2020 |
| 10 | 16.5.2023 | 2019 | 2023 |
| 11 | 17.5.2023 | 1995 | 2000 |
| 12 | 18.5.2023 | 1988 | 1991 |
| 13 | 19.5.2023 | 1967 | 1971 |
| 14 | 22.5.2023 | 1976 | 1980 |
| 15 | 23.5.2023 | 1966 | 1969 |
| 16 | 24.5.2023 | 1977 | 1981 |
| 17 | 25.5.2026 | 1963 | 1964 |
| 18 | 26.5.2023 | 1951 | 1955 |
| 19 | 29.5.2023 | 1950 | 1953 |
| 20 | 30.5.2023 | 1945 | 1951 |
| 21 | 31.5.2023 | 1962 | 1964 |

Source: Bullionvault,

မှတ်ချက်။ ရွှေဈေးနှုန်းရရှိသောအခါတွင်ပြန်လည်ထည့်သွင်းဖော်ပြသွားပါမည်

## ၂၀၂၃၊ မေလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 2.5.2023 | 2868-2873 | 2853-2858 |
| 2 | 4.5.2023 | 2850-2855 | 2850-2855 |
| 3 | 5.5.2023 | 2848-2853 | 2848-2853 |
| 4 | 8.5.2023 | 2850-2855 | 2848-2853 |
| 5 | 9.5.2023 | 2850-2855 | 2850-2855 |
| 6 | 10.5.2023 | 2850-2855 | 2858-2863 |
| 7 | 11.5.2023 | 2860-2865 | 2859-2863 |
| 8 | 12.5.2023 | 2855-2860 | 2855-2860 |
| 9 | 15.5.2023 | 2855-2860 | 2855-2860 |
| 10 | 16.5.2023 | 2855-2860 | 2858-2863 |
| 11 | 17.5.2023 | 2858-2863 | 2860-2865 |
| 12 | 18.5.2023 | 2860-2865 | 2865-2870 |
| 13 | 19.5.2023 | 2870-2875 | 2870-2875 |
| 14 | 22.5.2023 | 2875-2880 | 2875-2880 |
| 15 | 23.5.2023 | 2878-2883 | 2885-2890 |
| 16 | 24.5.2023 | 2885-2890 | 2875-2880 |
| 17 | 25.5.2026 | 2885-2890 | 2900-2905 |
| 18 | 26.5.2023 | 2945-2960 | 2960-2970 |
| 19 | 29.5.2023 | 2940-2945 | 2945-2950 |
| 20 | 30.5.2023 | 2920-2930 | 2925-2930 |
| 21 | 31.5.2023 | 2905-2910 | 2905-2910 |

Source: e trade Myanmar

## ၂၀၂၃၊ မေလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.5.2023 | 2100.0 | 61.377 | 303.82 | 1571.7 | 25.646 | 1528.3 |
| 2 | 4.5.2023 | 2100.0 | 62.057 | 303.61 | 1580.9 | 25.668 | 1559.9 |
| 3 | 5.5.2023 | 2100.0 | 62.222 | 303.85 | 1585.0 | 25.696 | 1564.8 |
| 4 | 8.5.2023 | 2100.0 | 62.029 | 303.52 | 1585.0 | 25.672 | 1555.3 |
| 5 | 9.5.2023 | 2100.0 | 62.305 | 303.36 | 1583.4 | 25.599 | 1557.3 |
| 6 | 10.5.2023 | 2100.0 | 62.435 | 303.26 | 1582.0 | 25.602 | 1553.5 |
| 7 | 11.5.2023 | 2100.0 | 62.305 | 302.74 | 1581.0 | 25.584 | 1559.1 |
| 8 | 12.5.2023 | 2100.0 | 61.774 | 302.06 | 1573.8 | 25.56 | 1558.7 |
| 9 | 15.5.2023 | 2100.0 | 62.139 | 302.02 | 1569.0 | 25.517 | 1541.3 |
| 10 | 16.5.2023 | 2100.0 | 61.856 | 301.43 | 1571.8 | 25.534 | 1547.0 |
| 11 | 17.5.2023 | 2100.0 | 61.296 | 300.21 | 1563.5 | 25.492 | 1534.1 |
| 12 | 18.5.2023 | 2100.0 | 61.180 | 298.66 | 1561.0 | 25.433 | 1524.2 |
| 13 | 19.5.2023 | 2100.0 | 61.082 | 299.85 | 1561.3 | 25.407 | 1520.8 |
| 14 | 22.5.2023 | 2100.0 | 60.967 | 298.70 | 1560.9 | 25.351 | 1522.8 |
| 15 | 23.5.2023 | 2100.0 | 60.545 | 297.64 | 1559.5 | 25.361 | 1516.7 |
| 16 | 24.5.2023 | 2100.0 | 60.781 | 297.93 | 1558.3 | 25.399 | 1515.5 |
| 17 | 25.5.2026 | 2100.0 | 60.676 | 297.08 | 1552.9 | 25.379 | 1505.4 |
| 18 | 26.5.2023 | 2100.0 | 60.554 | 297.45 | 1553.8 | 25.434 | 1503.6 |
| 19 | 29.5.2023 | 2100.0 | 60.414 | 296.78 | 1552.2 | 25.415 | 1497.1 |
| 20 | 30.5.2023 | 2100.0 | 60.449 | 296.78 | 1554.2 | 25.379 | 1497.8 |
| 21 | 31.5.2023 | 2100.0 | 60.336 | 295.45 | 1549.9 | 25.388 | 1501.0 |

Source: Central Bank of Myanmar